ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်၊ တနင်္ဂနွေနေ့၊ (28-10-2007) (၅၄၈၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချက်သမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   အောက်တိုဘာ   ၂၈

၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ကျရောက်သော ချက်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ချက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဗက်ကလက်(ဗ်) ကလော့(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသား ရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်   အောက်တိုဘာ   ၂၈

၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ကျရောက်သော ချက်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်ထံမှ ချက်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီရက်(ခ်)၊ တိုပို(လ်)လာနက်(ခ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဒဂုံတံတားဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒွိနိုင်ဝန်အား ၇၅ တန်ရှိပြီး ယာဉ်သွားလမ်းခြောက်လမ်းပါ ဒဂုံတံတားကြီးဖွင့်လှစ် ရန်ကုန်ဘက်ကမ်းရှိ စက်မှုဇုန်များနှင့် သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတို့အကြား ၁၀ ဘီးတပ်၊ ၁၂ ဘီးတပ် ကုန်တင်ယာဉ်ကြီးများ ကူးသန်းသွားလာနိုင်တော့မည်

ရန်ကုန်   အောက်တိုဘာ   ၂၇

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသော ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဒဂုံတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး တံတားကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ တံတားဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁)မှ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့ဝင်များ စုစုပေါင်း အင်အား ၁၄၀၀၀ ကျော်တို့ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❐

ယနေ့မိုးလေဝသ

၂၈-၁၀-၂၀၀၇

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

အပျက်အင်အားက မြူတစ်မှုန် အပြု(ပြည်သူ)အင်အားက တောင်နှယ်ပုံ

ပြည်ပကဆူခိုင်း၊ ပြည်တွင်းက လက်ဝေခံတို့က မဆူဆူအောင်လုပ်၊ မြန်မာ့ပကတိအခြေအနေမှန်၊ ကမ္ဘာ့ သတင်းမှန် မသိ၊ မလေ့လာဘဲ ဆူပူအောင်ဖန်တီးသူတို့၏ ထောင်ချောက်တွင်း သက်ဆင်းကာ ဝေလေလေဖြင့် လမ်းပေါ်ထွက် ဆူကြသူများသည် ဂဂ အရေးအခင်း ဖြစ်ရပ်မှန်ကို လေ့လာပြီး သင်ခန်းစာယူဖို့ အလွန်ကောင်းပေသည်။

မောင်ပွင့်လင်း၏ "အပျက်အင်အားက မြူတစ်မှုန်၊ အပြု(ပြည်သူ)အင်အားက တောင်နှယ်ပုံလေသည်"

(ဆောင်းပါး) စာမျက်နှာ-၆၊၇

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၈–၁၀–၂၀၀၇
(တနင်္ဂနွေနေ့)

စားနပ်ရိက္ခာဖူလုံမှု တိုးမြှင့်ရေး ကြိုးပမ်း ကမ္ဘာ့ငတ်မွတ်ခေါင်းပါးမှုများ ဝိုင်းဝန်းတိုက်ဖျက်

ကမ္ဘာပေါ်တွင် ကျား၊မ အသက်အရွယ်မရွေး၊ ဆင်းရဲချမ်းသာ နေရာဒေသမရွေး စားနပ်ရိက္ခာရရှိရေး၊ ရရှိသည့် အစားအစာများ အန္တရာယ်ကင်းရှင်းရေး၊ ရိုးရာဓလေ့နှင့် လိုက်လျောညီထွေဖြစ်ရေး တို့သည် လူသားတိုင်း ဘဝရှင်သန်ရပ်တည်မှုအတွက် အခြေခံအကျဆုံး လိုအပ်ချက်များဖြစ်သည်။

စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်လာစေရန် ကြိုးပမ်းလျက်ရှိသော်လည်း ကမ္ဘာတစ်ဝန်းတွင် ငတ်မွတ်မှုနှင့် ဆင်းရဲမွဲတေမှုများ ရှိနေဆဲပင်ဖြစ်သည်။ ယခုအခါ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ဦးဆောင်စည်းရုံးမှုနှင့်အညီ အဖွဲ့ဝင်နိုင်ငံများက ဆင်းရဲငတ်မွတ်မှု တိုက်ဖျက်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးနှင့် သစ်တောကဏ္ဍများသည် နိုင်ငံ၏ ပင်မစီးပွားရေးလုပ်ငန်းများဖြစ်ရာ နေ့စဉ် တိုးတက်လျက်ရှိသော ပြည်သူများအတွက် စားနပ်ရိက္ခာ ဖူလုံပိုလျှံရေး ဘက်ပေါင်းစုံက ကြိုးပမ်းနေသည်။ စိုက်ပျိုးမြေများ တိုးချဲ့စိုက်ပျိုးရေး၊ သီးနှံအထွက်တိုးရေး၊ စိုက်ပျိုးရေဖူလုံစွာရရှိရေးနှင့် စက်မှုလယ်ယာလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလာရေး အားပေးဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်က ပံ့ပိုးမှုများနှင့်အတူ စိုက်ပျိုးရေ လုံလောက်စွာရရှိနေရာ တောင်သူလယ်သမားများက စပါးကို တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ပြောင်း၊ ချည်မျှင်ရှည်ဝါနှင့် ကြံတို့ကိုလည်း တိုးချဲ့စိုက်ပျိုးနေကြသည်။ ထို့အတူ သားငါးနှင့် သစ်တောကဏ္ဍ ထုတ်လုပ်မှုတိုးတက်ရေး ကြိုးပမ်းလျက်ရှိရာ စားနပ်ရိက္ခာ ဖူလုံပိုလျှံရေးနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးအတွက် အကျိုးပြုလျက်ရှိသည်။

စားနပ်ရိက္ခာ စားသုံးပိုင်ခွင့်သည် လူသားတိုင်းအတွက် ရရှိခံစားခွင့်ဖြစ်ရာ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ဝင်နိုင်ငံများ အားလုံးက စားနပ်ရိက္ခာဖူလုံမှု တိုးမြှင့်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြခြင်းဖြင့် ကမ္ဘာ့ငတ်မွတ်ခေါင်းပါးမှု ဖြစ်ရပ်များကို တိုက်ဖျက်သွားနိုင်မည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တိုင်းအတွင်းမိုးစပါးရိတ်သိမ်းမှုနှင့် စက်ဖြင့်ခြွေလှေ့မှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၂၇

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်သည် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သူရတင်လှနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၁၇ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ပုသိမ်–ရန်ကုန်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ ကန်ကြီးထောင့်မြို့နယ် မိချောင်းတစ်ရာကျေးရွာသို့ ရောက်ရှိပြီး ရွာသစ်ကွင်း အမှတ် (၁၇၂–ခ)၌ မိုးစပါးဆင်းသွယ်လတ် ရိတ်သိမ်းမှုနှင့် ခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးသည် ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ အားပေးစကား ပြောကြားပြီး ဆက်လက်ထွက်ခွာလာရာ ကွင်းလျားကျေးရွာရှိ တောင်သူဦးအယ်ယား၊ ဦးစိုင်းခေးလယ်နှင့် ဦးမောင်ချောတို့၏ ကွင်းအမှတ် (၁၈၆–ခ) ရေကျနောက်စိုက် လယ်မြေဧက ၁၅၀ အနက်မှ စိုက်ရန်ကျန်သည့် ၆၂ ဧကအား စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် စပါးခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒေသခံ တောင်သူများနှင့်တွေ့ဆုံ၍ လယ်ကန်သင်းပေါင်များ၌ စားဖိုဆောင်သီးနှံစိုက်ပျိုးရေး၊ ကားလမ်း ဝဲ/ယာရှိ ရေသွင်းမြောင်းများ ပိတ်ဆို့မှုမရှိစေရေး ၊ဗေဒါပင်နှင့် အမှိုက်သရိုက်များ ဆယ်ယူသွားရန်နှင့် ၎င်းအမှိုက်သရိုက်နှင့် ဗေဒါပင်များကို သဘာဝမြေဩဇာ အီးအမ်ဘိုကာရှိ ပြုလုပ်အသုံးပြုရေး မှာကြားသည်။

ထို့နောက် ဆက်လက်ထွက်ခွာလာရာ ကွင်းလျားအုပ်စု သရက်ချောင်းကျေးရွာရှိ ကွင်းအမှတ် (၁၈၆–က)တွင် ရေကျနောက်စိုက် မနောသုခစပါးမျိုး စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးကာ ဒေသခံ တောင်သူများနှင့်တွေ့ဆုံ၍ လယ်ကန်သင်းများကို သေချာစွာကန်သင်းတုပ်ရေး၊ ဖောက်လုပ်ထားသည့် ရေဝင်တူးမြောင်းနှင့် ချောင်းရိုးမြောင်းရိုးများ ပိတ်ဆို့မှုမရှိစေရေး၊ ချောင်းပိတ် မြောင်းပိတ်ခြင်းများ မပြုလုပ်ရေး၊နေရာအပိုင်းအလိုက် ချောင်းခေါင်း၊ မြောင်းခေါင်းများခန့်ထားပြီး တာဝန်ပေးအပ်ရေး၊တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရေး၊ ယခင်နှစ်များမှ အားနည်းချက်များကို ဖြည့်ဆည်းပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် ကျောင်းကုန်းမြို့နယ် ဂုံမင်းကျေးရွာသို့ ရောက်ရှိပြီး ကွင်းအမှတ်(၄၃၇–ခ) ဦးပန်းစိန်နှင့် ဦးမျိုးမင်းဦးတို့၏ လယ်ဧက ၂၀ ရေကျနောက်စိုက် မနောသုခမိုးစပါး စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးစိုက်ပျိုးပြီးပါက ဆောင်းသီးနှံ မြေပဲစိုက်ပျိုးနိုင်ရေးအတွက် ပြင်ဆင်ထားရန်၊ မြေပဲမျိုးကောင်းမျိုးသန့်ရရှိရေး တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးသွားရန်နှင့် သီးညှပ်အဖြစ် နေကြာစိုက်ပျိုးသွားရန် မှာကြားသည်။

ထို့နောက် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ လက်ပန်ချောင်း ကျေးရွာကွင်းအမှတ်(၄၃၈–ခ) မှတောင်သူ ဦးရဲဝင်း၏ မနောသုခ မိုးစပါးစိုက်ခင်း ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရိတ်သိမ်းခြွေလှေ့ရာတွင် လေလွင့်မှုမရှိစေရေး၊ လယ်မြေများ အထွက်နှုန်း ကောင်းမွန်ရေးအတွက် မြေပြုပြင် စိုက်ပျိုးသွားရေး၊ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်ကိုသာ ရွေးချယ်စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။ ယင်းလယ်မှ တစ်ဧက တင်း ၉၀ ထွက်ရှိကြောင်းသိရှိရသည်။

ထို့နောက် ဆက်လက်ထွက်ခွာခဲ့ရာ ကန်ကလေးကျေးရွာအုပ်စု ခနွန်းချောင်းကျေးရွာသို့ ရောက်ရှိခဲ့ပြီး ကွင်းအမှတ် (၄၂၄–ခ) တောင်သူ ငါးဦးပိုင် မိုးစပါး ၁၀ ဧက ထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ဆောင်းသီးနှံမြေပဲ၊ ပဲတီစိမ်း စိုက်ပျိုးနိုင်ရေး ပြင်ဆင်ထားရန်၊သီးညှပ်အဖြစ် နေကြာကို ထည့်သွင်းစိုက်ပျိုးရန်၊ မြေညှိခြင်းလုပ်ငန်းပါ တစ်ပါတည်း ဆောင်ရွက်ရန်နှင့် လယ်ကန်သင်းပေါင်တွင် စားဖိုဆောင်သီးနှံများ စိုက်ပျိုးရန် မှာကြားသည်။

ဆက်လက်၍ ဆိပ်ဖူးနီကျေးရွာ၌ ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက စပါးစိုက်ပျိုးပြီးစီးမှုကို ရှင်းလင်းတင်ပြပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဌာနမှ တာဝန်ရှိသူများက စပါးစိုက်ပျိုးမှုနှင့်ပတ်သက်၍ ဒေသခံတောင်သူများအား ပညာပေး ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တောင်သူ ဦးနိုင်ထူးအောင်၏ မနောသုခ မိုးစပါးစိုက်ခင်း ရိတ်သိမ်းခြွေလှေ့မှုကို ကြည့်ရှုစစ်ဆေးရာ တစ်ဧကတင်း ၁၂၀ ထွက်ရှိကြောင်းတွေ့ရှိရပြီး ၎င်းမှ ပြန်လည်ထွက်ခွာလာခဲ့ရာ ပုသိမ်မြို့အဝင် အပင်နှစ်ဆယ်ကျေးရွာသို့ ရောက်ရှိ၍ ပုသိမ်–ရန်ကုန် ကားလမ်း ဝဲ၊ ယာ ရေသွင်းမြောင်းများအား မြေတူးစက်ဖြင့်ဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဦးကျော်စိုး (၁၀) နှစ်ပြည့်အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်ရိပ်မွန်အိမ်ရာနေ ဇနီး ဒေါ်နွဲ့ မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၂၅၀၀၀၀ ကို ဒွိပိဋကဆရာတော် ဘဒ္ဒန္တဇဋိလထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာ–အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ဗန္ဓုလမြန်မာခရီးသွားကုမ္ပဏီ၏ စီစဉ်မှုဖြင့် အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့နှင့် မဟာရာစတြပြည်နယ်ရှိ ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ်များ လေ့လာရေးခရီးစဉ်ကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ပါဠိစာပေဌာန တွဲဖက်ဌာနမှူး ဒေါက်တာလှထွန်း ခေါင်းဆောင်၍ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များပါဝင်သည့် လေ့လာရေးအဖွဲ့ဝင်များ အောက်တိုဘာ ၂၆ ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားစဉ်။ (က–ပ)

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ကျောက်ရေတွင်းလမ်း မောင်ကိုကိုမောင် – မသန်းသန်းဦး တို့၏ မင်္ဂလာအထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ် တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

နိဗ္ဗာန်ရွှေဂူတောရရိပ်သာဓမ္မာရုံအတွက်လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅)မေခလမ်း သစ်ဆိမ့်ကုန်းရပ်ရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာအတွင်း တည်ဆောက်မည့် ဓမ္မာရုံတော်ကြီးနှင့် တိုးချဲ့မြေ တစ်ပေပတ်လည် ကျပ် ၅၀၀၀ နှုန်းဖြင့် လိုအပ်လျက်ရှိရာ လှူဒါန်းလိုသူများသည် ရိပ်သာ ပဓာနနာယက ဓေယျဝတီ ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ B.A) ဖုန်း–၀၉–၅၁၃၇၀၈၆ နှင့် ၃၈၂၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က–ပ)

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး မဟာဒုက်ဇာတ်တော်ပြိုင်ပွဲ တက်ရောက်ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနွင်းတို့ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟာဒုက်ဇာတ်တော်ရုပ်သေးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းမှ ဇေယျာသီရိရုပ်စုံအဖွဲ့ ယှဉ်ပြိုင်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၇

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မဟာဒုက်ဇာတ်တော် ရုပ်သေးပြိုင်ပွဲကို ယနေ့ ည ၇နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန စုဝေးခန်းမဥ္စကျင်းပရာ စစ်ကိုင်းတိုင်းမှ ဇေယျာသီရိရုပ်စုံအဖွဲ့က ဖျော်ဖြေကပြတင်ဆက်သည်။

အဆိုပါ ဖျော်ဖြေတင်ဆက် ကပြရာသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနွင်း၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဇနီး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးစိုးဦး၊ ဦးကျော်အောင်နှင့် ၎င်းတို့၏ ဇနီးများ၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးညိုစော၊ ဌာနဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော် ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်အသီးသီးမှ ပြည်သူများ၊ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိကြသည့် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ပြိုင်ပွဲဝင် အနုပညာရှင်များ၊ မြန်မာ့အနုသုခုမပညာကို လေးစားမြတ်နိုးကြသည့် ပြည်သူများ တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

အဆိုပါ တင်ဆက်ကပြရာတွင် ဇာတ်ညွှန်းနှင့် တေးသီချင်းကို အောင်နိုင်(မြင်းခြံ)ကလည်းကောင်း၊ ကြိုးဆွဲပညာရှင်များအဖြစ် ဦးစိန်မောင်ဝင်း၊ ဦးကျော်စိုး၊ ဦးစိန်ဝင်း၊ ဒေါ်ယဉ်ရွှေ၊ ဦးမြင့်သူနှင့် ဦးဉာဏ်ဝင်းတို့ကလည်းကောင်း၊ ဆို ငို ပြော ပညာရှင်များ မဟာဒုက်အဖြစ် ဦးကျော်စိုးလွင်(ခေါ်) ရွှေမန်းတက်ခေတ် စည်သူ၊ မယ်ဒလိဒ္ဒ အဖြစ် ဒေါ်အေးမြင့်နွယ်၊ ဘုရင်အဖြစ် ဦးဇော်ဝင်း၊ သိကြားမင်းအဖြစ် ဦးဉာဏ်ထွန်း၊ သူဌေးအိမ်မှ အလုပ်သမားများအဖြစ် တက်ကျော်နှင့် ဝင်းထိန်၊ ဂေါပကအဖြစ် ဦးမောင်မောင်တို့က လည်းကောင်း ပါဝင်တင်ဆက်ကပြ ဖျော်ဖြေကြပြီး ဆိုင်းပညာရှင်များဖြစ်ကြသည့် ဂီတမှူးသက်ဝေ (ရန်ကုန်)၊ ပိုင်းတော်တီး ဦးငြိမ်းချမ်း၊ ကြေးတီး စိုးမင်းအောင်၊ မောင်းတီး ဝင်းစိုး၊ စည်တီးယဉ်ငြိမ်းအောင်၊ လင်းကွင်းတီး ကျော်စွာ၊ နဲ ဦးခင်စိုးနှင့် ပတ်မတီး ခင်မောင်သန်းတို့က ပံပိုးကူညီ တီးခတ်ပေးကြသည်။

အဆိုပါ မဟာဒုက်ဇာတ်တော်ကြီး ပြိုင်ပွဲတွင် ဘုရားရှင် ကန်တော့ခန်း၊ အပျိုတော်အက၊ နိဗ္ဗာန်ဆော် (သံဃာ့ဒါန၊ စာရေးတံဆွမ်း)၊ မဟာဒုက် သံဃာတစ်ပါးအား စာရင်းပေးပြီး ပျော့်ရွှင်စွာဖြင့် အိမ်ပြန်လာခန်း၊ မယ်ဒလိဒ္ဒမျှော်ပြီး (မဟာဒုက်ဝင်) သံဃာတစ်ပါး ဆွမ်းကပ်ရန် စာရေးတံ တင်ခဲ့ကြောင်း ပြောခန်း၊ မဟာဒုက်လင်မယား သူဌေးအိမ် အခစားလုပ်ခန်း၊ တောတွင်း၌ မဟာဒုက်လင်မယား ဟင်းရွက်ချူးပြီး မြစ်ဆိပ်မှ တံငါသည်နှစ်ဦးက ငါးကြင်းလေးကောင် ဆွမ်းဟင်းအတွက် အခမဲ့ပေးခန်း၊ သိကြားမင်း လူ့ပြည်ဆင်းခန်း၊ သိကြားမင်း ထမင်းချက်ယောင်ဆောင်၍ အခမဲ့ဖြင့် မဟာဒုက်တဲဝင်ကာ စားဖိုမှူးလုပ်ပြီး မဟာဒုက်က သံဃာအပင့်သွားခန်း၊ နိဗ္ဗာန်ဆော် သံဃာစာရင်းလျှောက်ကြား၍ မဟာဒုက်ရောက်လာပြီး သံဃာမရ၍ ငိုကြွေးသောအခါ ဂေါပကတစ်ဦးမှ ဘုရားရှင် သီတင်းသုံးရာ ဂန္ဓကုဋီသို့ သွားရန်လမ်းညွှန်၊ မယ်ဒလိဒ္ဒလိုက်လာခန်း၊ ဂန္ဓကုဋီရှေ့တွင် ပြည့်ရှင်မင်း၊ အိမ်ရှေ့မင်း၊ ဝန်ကြီး၊ စစ်သူကြီးများ ဘုရားရှင်သပိတ်တော်ကို မျှော်နေရာ မဟာဒုက်ရောက်လာပြီး ဘုရားရှင်က မဟာဒုက်ကို သပိတ်ပေးသနားတော်မူခန်း၊ မဟာဒုက်တဲသို့ ဘုရင်လိုက်လာရာ အံ့ဖွယ်ရာများတွေ့ခန်း၊ မဟာဒုက်တဲ၌ ရတနာမိုးရွာချခန်းနှင့် နှစ်ပါးသွားဇာတ်ပေါင်းသီချင်းဖြင့် သိမ်းခန်းတို့ကို မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ပါဝင်တင်ဆက်ကပြဖျော်ဖြေကြသည်။

(သတင်းစဉ်)

သုဝဏ္ဏသာမ ဇာတ်တော်မှသည်

☆ ဘုရားဟောဇာတ် နိပါတ်တော်လာ
သုဝဏ္ဏသာမ ဇာတ်တော်မှသည်
ဗုဒ္ဓဟောပြီး ဇာတ်ကြီးဆယ်ပွင့်
နှုတ်ဖြင့်ပြောကြား စကားကြီးဆယ်ခွန်း
တစ်ခွန်းဝင်ပါ စဉ်လာမှတ်ထား
သားရွှေအိုးထမ်း မြင်လာစမ်းချင်
သက်ရှင်သည့်သား ဖမိများလည်း
နှစ်ပါးအလင်း ချက်ချင်းရစေ
လက်ဝယ်ရွှေအိုး ဖိုးတန်မှန်းသိ
အိုးတန်ဆန်ခတ် စကားမြတ်တည့်။

☆ မှန်ကန်လှစွာ ဤသစ္စာကြောင့်
နှစ်ဖြာမိဘ ကွယ်ရာမှမြင်
သားလည်းရှင်သည် ပီဠိယက္ခာ
ဇာရာပြည့်ရှင် ကြည်လင်စိတ်ထား
တရားရလျက် သက်ထက်ဆုံးသည်
မင်းကျင့်ညီကာ သုဝဏ္ဏသာမ
ဇာတ်တော်မှသည် သိကြတုယူ
ခပ်သိမ်းလူတို့ ကြည်ဖြူစိတ်မှာ
သစ္စာလေးနက် ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။

☆ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးများ
ကြီးမားစေတနာ ရိုးရာမွေနှစ်
စောင့်ရှောက်ဖြစ်အောင် ကျိုးဆောင်ရွက်နေ
မသွေစဉ်လာ မြန်မာသားသမီး
ကျေးဇူးကြီးလှ မိဘတို့အမှ
ပြုစုလုပ်ကျွေး ယဉ်ကျေးစံနှုန်း
ကျင့်သုံးတတ်အောင် သာဓကဆောင်ပြ
သုဝဏ္ဏသာမ ဇာတ်တော်မှသည်
မြန်မာ့ရိုးရာ စရိုက်လက္ခဏာကို
လိုက်နာကြစေ သိကြစေတည့်။ ။

ဖိုးရန်နိုင် (ကျောက်ကြီး)

တရုတ်-အာဆီယံကုန်စည်ပြပွဲ ပါဝင်ခင်းကျင်းပြသရန် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း နန်နင်းမြို့သို့ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ Guangxi ပြည်နယ် နန်နင်းမြို့၌ အောက်တိုဘာ ၂၈ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် စတုတ္ထအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ တက်ရောက်ရန်နှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဝင်ကုမ္ပဏီ ၁၉ ခုတို့မှ ပါဝင်ခင်းကျင်းပြသရန်အတွက် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်နိုင်ဦး ဦးဆောင်သည့် အဖွဲ့သည် ယမန်နေ့ နံနက်က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြရာပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အထွေထွေ အတွင်းရေးမှူး ဦးနေမင်းထွန်းနှင့် အလုပ်အမှုဆောင်အဖွဲ့တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

မော်လမြိုင်မြို့ သမိုင်းဝင် ဆံတော်ရှင် ကျိုက်သလွံစေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင်တည်ဆောက်ရေးအတွက် အောက်တိုဘာ ၂၃ ရက်က အလှူရှင် မော်လမြိုင်မြို့ မြိုင်သာယာရပ် ဗိုလ်ချုပ်အောင်ဆန်းလမ်းနေ ဒေါက်တာ ဇော်လတ်-ဒေါ်နွယ်နွယ်လှ မိသားစုက ငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူပြီး ဂုဏ်ပြုလွှာပေးအပ်စဉ်။ (က-ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စည်းလုံးစို့လေသွေးချင်းတို့ရဲ့ပြည်ပြဇာတ်ပြိုင်ပွဲကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၇

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည် ပြဇာတ်ပြိုင်ပွဲ စတုတ္ထနေ့အဖြစ် ယနေ့ည ၇နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပဲခူးတိုင်းကိုယ်စားပြု ဓညဝတီစိုးပိုင်(ဘဏ်)နှင့် အဖွဲ့ ယှဉ်ပြိုင်ကပြဖျော်ဖြေတင်ဆက်သည်။

"စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်" ပြဇာတ်ပြိုင်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဇနီး ဒေါ်မာလာတင့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့်ဇနီး၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးညီထွန်းနှင့်ဇနီး၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှတာဝန်ရှိသူများ၊ ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော်၌ လေ့လာရေးရောက်ရှိနေကြသော တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များ၊နေပြည်တော်တိုင်း စစ်ဌာနချုပ်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများ၊ နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများမှ ကျောင်းသား၊ ကျောင်းသူများနှင့် မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာကို လေးစား မြတ်နိုးကြသော ပြည်သူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပဲခူးတိုင်းကိုယ်စားပြု ဓညဝတီစိုးပိုင်နှင့်အဖွဲ့က **"စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည်"** ပြဇာတ်ကိုယှဉ်ပြိုင် ကပြရာတွင် ဇာတ်ညွှန်း ဗိုလ်ကြီးစိုးပိုင် (အငြိမ်းစား)၊ သရုပ်ဆောင်ဒါရိုက်တာ ဓညဝတီစိုးပိုင်(ဘဏ်)၊ ဦးချိုတူး (အုတ်ဖို)၊ ငြိမ်းချမ်း၊ လင်းလက်ထွန်း၊ ခန့်မင်းသော်၊ နေထွဋ်ခေါင်၊ ဇင်မိုးထက်၊ မြင့်မိုရ်ခင်၊ ကျော့ကေဇင်နှင့် ဇာတ်ပို့ဇာတ်ရံများ ပါဝင်သရုပ်ဆောင်ကြကာ ဂီတမှူး ထရမ်းပက် ရဲမင်းဦး၊ ဝိုင်းတော်တီးရှာစား ဝေယံဟိန်းဆိုင်းဝိုင်းတို့နှင့် တွဲဖက်လျက် ပြည်ထောင်စုဖွား တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဖော်ကျူး၍ အငြိမ်းစားတပ်မတော် အရာရှိတစ်ဦး တပ်မတော်တွင် တာဝန်ထမ်းဆောင်စဉ်က ရောက်ရှိခဲ့သော ကရင်ပြည်နယ် သပြေညွှန့်ရွာလေး၏ အဖြစ်မှန်ကို ကိုယ်တိုင်ခံစားတင်ပြမှုဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအား၊ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်တို့ကို သရုပ်ဖော်ထားသည့် ပြကွင်းပြကွက်များဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေတင်ဆက်သည်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်ဇယား

ရက်စွဲ	ပြိုင်ပွဲဘာသာရပ်	ပြိုင်ပွဲအဆင့်	အချိန်	နေရာ
၂၈-၁၀-၂၀၀၇	ခေတ်ဟောင်း/ကာလပေါ်	အခြေခံ(၅-၁၀) (မ)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
(တနင်္ဂနွေနေ့)		အဆင့်မြင့်ပညာ(ကျား)	၁၃၀၀	(စုဝေးခန်းမ)
	ကွက်စိပ်ပြိုင်ပွဲ	ညီတော်မင်းနန်ချွတ်ခန်း	၀၉၀၀	မွေးမြူရေးဆိုင်ရာ ဆေး
	ပြဇာတ်	**စည်းလုံးစို့လေသွေးချင်းတို့ရဲ့ပြည်**	၁၉၀၀	တက္ကသိုလ်(ဘွဲ့နှင်းသဘင်)
		ဧရာဝတီတိုင်း		ဘွဲ့နှင်းသဘင်
	မယ်ဒလင်	ဝါသနာရှင်(ပ)(ကျား)(မ)	၀၉၀၀	သစ်တောသုတေသန
	အခြေခံ(၁၅-၂၀)(ကျား)(မ)	၀၃၀၀	(စုဝေးခန်းမ)	
	ပတ္တလား	ဝါသနာရှင်(ဒု)(မ)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
		အခြေခံ (၁၀-၁၅)(ကျား)	၁၃၀၀	(စာသင်ခန်းမ)
	နှဲ	ဝါသနာရှင်(ဒု)	၀၉၀၀	စိုက်ပျိုးရေးတက္ကသိုလ်
		အဆင့်မြင့်	၁၃၀၀	(ဘွဲ့နှင်းသဘင်ခန်းမ)
		ဝါသနာရှင်(ပ)	၁၃၀၀	။

ကြည့်ရှုအားပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဇနီး ဒေါ်မာလာတင့်တို့ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ၏ စည်းလုံးစို့လေ သွေးချင်းတို့ရဲ့ပြည် ပြဇာတ်ပြိုင်ပွဲတွင် ပဲခူးတိုင်း ကိုယ်စားပြု ဓညဝတီစိုးပိုင် (ဘဏ်)နှင့်အဖွဲ့ ယှဉ်ပြိုင်ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၀-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂:၀၀ ၁။ မြဝတီအဖွင့်
- ၁၂:၀၅ ၂။ အဖွင့်သီချင်း
- ၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၁၂:၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် -သက်တံပေါ်မှာ**
- ၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- ၄:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၄၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၀၀ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၉။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၅ ၁၁။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၆:၄၀ ၁၂။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပုံရိပ်ပမာ (အပိုင်း-၃၅)**
- ၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နီလာလက်ကောက် (အပိုင်း-၄)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော် မတီ(ရွှေသီဂီရိတနာဓမ္မာရုံ၊ အမှတ် ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ အင်းစိန်မြို့နယ် ကျောက်ချဉ်ကန်လမ်း၊ ကမ်းနားအလယ်ရပ်နေ ဦးသန်းဆွေ၊ ဒေါ်မေသန်းကြွယ်၊ ဘိုးဘွားဘီဘင်ဆွေမျိုးများကို ထာဝရ ရည်စူး၍ ဦးနိုင်လင်း၊ ဦးတိုက်စိုးလင်း၊ ဦးစံမင်းထွန်း၊ ဒေါ်လွင်လွင်မော်၊ မောင်သူရစိုး၊ မယုစန္ဒာစိုး၊ မောင်ထက်နိုင်စိုး၊ မောင်မိုးမြင့်အာကာကျော် မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

ကြည့်ရှုစစ်ဆေး

အောက်တိုဘာ ၂၅ရက်က လောက်ကိုင်မြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း၌ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမောင်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အာဆီယံနိုင်ငံကိုးနိုင်ငံမှ သတင်းစာဆရာ ၁၈ ဦးတို့တွေ့ဆုံ

နေပြည်တော်　　အောက်တိုဘာ　၂၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ASEAN Journalist Visit Programme Phase-IV **အရ မြန်မာနိုင်ငံ၌ ရောက်ရှိနေသော အာဆီယံနိုင်ငံ ကိုးနိုင်ငံမှ သတင်းစာဆရာ ၁၈ ဦးတို့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံကြသည်။**

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာ၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ရှိမြန်မာနိုင်ငံ အခြေအနေများနှင့် Media ကဏ္ဍတိုးမြှင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အာဆီယံနိုင်ငံ သတင်းစာဆရာများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့အတူ အဆိုပါ အာဆီယံနိုင်ငံ ကိုးနိုင်ငံမှ သတင်းစာဆရာ ၁၈ ဦးတို့သည် နံနက် ၁၀ နာရီခွဲတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးမင်းအားလည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးအား လည်းကောင်း၊ ညနေ ၄ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်အားလည်းကောင်း သက်ဆိုင်ရာဝန်ကြီးဌာန အသီးသီးရှိ အစည်းအဝေးခန်းမများသို့ သွားရောက် တွေ့ဆုံကြသည်။　(သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အာဆီယံနိုင်ငံ ကိုးနိုင်ငံမှ သတင်းစာဆရာများ လာရောက်တွေ့ဆုံစဉ်။　(သတင်းစဉ်)

ပိုလီယိုရောဂါကာကွယ်ရေး နှိုးဆော်ချက်

၁။ ပိုလီယိုရောဂါ (ခေါ်) သူငယ်နာအကြောသေရောဂါသည် ကလေးများအား ဒုက္ခိတဖြစ်စေရုံသာမက သေသည်အထိ အန္တရာယ်ပေးနိုင်ပါသည်။ ပိုလီယိုရောဂါသည် ပိုလီယိုဗိုင်းရပ်(စ)ပိုးကြောင့်ဖြစ်ပြီး ရေကောင်းရေသန့်မရခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းမှုမရှိခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုမရှိခြင်းကြောင့် ကူးစက်ပြန့်ပွားစေသည်။ ပိုလီယိုရောဂါကို မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးများအား ကာကွယ်ဆေးတိုက်ကျွေးခြင်းဖြင့် ကာကွယ်နိုင်ပါသည်။

၂။ မြန်မာနိုင်ငံတွင် ပိုလီယိုရောဂါကင်းစင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက

(က) ပုံမှန်ကာကွယ်ဆေးတိုက်ခြင်း၊

(ခ) အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပဆောင်ရွက်ခြင်း၊

(ဂ) ပိုလီယိုရောဂါဖြစ်ပွားမှုအခြေအနေ စောင့်ကြပ်ကြည့်ရှုခြင်း၊

(ဃ) ရောဂါကင်းစင်ရန် လိုအပ်သောဒေသများတွင် ကောက်သင်းကောက် ကာကွယ်ဆေးတိုက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

၃။ သို့ပါ၍ မြန်မာတစ်နိုင်ငံလုံးရှိ မွေးကင်းစမှ ငါးနှစ်အောက် ကလေးအားလုံး ပိုလီယိုရောဂါ ကာကွယ်နိုင်ရန်အတွက် ပြည်သူလူထုအနေဖြင့် အောက်ပါအတိုင်း ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ပါသည်။

(က) နိုင်ငံတော်တစ်ဝန်းလုံး နေရာအနှံ့ အမျိုးသားကာကွယ်ဆေးတိုက်နေ့များတွင် စေတနာ့ဝန်ထမ်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ကြပါ။

(ခ) အမျိုးသားကာကွယ်ဆေးတိုက်နေ့တိုင်း ကာကွယ်ဆေးစုရပ်သို့ မွေးစမှ ငါးနှစ်အောက်အရွယ်ထိ ကလေးသူငယ်များအား ကာကွယ်ဆေးတိုက်ကျွေးရန် မိဘတိုင်းက မိမိရင်သွေးငယ်များကို ခေါ်ဆောင်လာပေးပါ။

(ဂ) ပိုလီယိုအကြောသေရောဂါ လုံးဝပပျောက်ရေးအတွက် ကာကွယ်ဆေးတိုက်နိုင်ရန် ဆေးပစ္စည်းများ၊ ပညာပေးပစ္စည်းများကို ဝေးလံသီခေါင်သောဒေသများနှင့် နယ်စပ်ဒေသများသို့ သယ်ယူပို့ဆောင်ရာတွင် ကူညီဆောင်ရွက်ပါ။

(ဃ) ရောဂါကူးစက်ခံရနိုင်ဖွယ်ရှိသည့် ကလေးသူငယ်များ အထူးသဖြင့် ဝေးလံခက်ခဲသောဒေသရှိသူများနှင့် သတ္တုတူးဖော်ရေးလုပ်ငန်း၊ ရေနံရှာဖွေရေးလုပ်ငန်းများ၊ သစ်ထုတ်လုပ်ရေးလုပ်ငန်းများ စသည့်လုပ်ငန်းများတွင် ဆောင်ရွက်နေသော ရွှေ့ပြောင်းနေထိုင်ကြသူများ၏ ကလေးသူငယ်များအား ကာကွယ်ဆေးတိုက်ရန် ဝိုင်းဝန်းဆောင်ရွက်ကြပါ။

(င) ပုံမှန်ပိုလီယိုကာကွယ်ဆေးတိုက်ခြင်းလုပ်ငန်း၊ ကောက်သင်းကောက် ကာကွယ်ဆေးတိုက်လုပ်ငန်းများတွင်လည်း ငါးနှစ်အောက်ကလေးတိုင်း ကာကွယ်ဆေးတိုက်ဖြစ်အောင် လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်ကြပါ။

ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော်　　အောက်တိုဘာ　၂၈

၂၀၀၇ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် ကျရောက်သော ချက်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကာရဲလ်ရွာ့ဇ်ဇမ်ဘာ့ခ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။　(သတင်းစဉ်)

အိမ်မဲမြို့နယ်အသင်း ကထိန်သင်္ကန်းကပ်မည်

ရန်ကုန်　အောက်တိုဘာ　၂၇

အိမ်မဲမြို့နယ်အသင်း (ရန်ကုန်)၏ စတုတ္ထအကြိမ်မြောက် မဟာဘုံကထိန်အလှူတော်ကို အိမ်မဲမြို့ ရွှေအိမ်ရတနာဘိုးဘွားရိပ်သာ ရွှေတကောခန်းမကြီး၌ နိုဝင်ဘာ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။ ရွှေအိမ်ရတနာဘိုးဘွားရိပ်သာကို အိမ်မဲမြို့ နယ်လှည့်သာသနာပြု တကော ဆရာတော် ဘဒ္ဒန္တဝိလာသ အရှင်သူမြတ်က အနီးကပ်ကြီးကြပ်ဦးဆောင်တည်ဆောက် အကောင်အထည်ဖော်လျက်ရှိရာ အဆောက်အအုံအားလုံး ၉၆ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်၍ ၂၀၀၈ ခုနှစ်၌ စတင်ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

နှိုးဆော်ထား

ရွှေတကောခန်းမသည် တကောဆရာတော်အား ဂုဏ်ပြုမှည့်ခေါ်ထားသော ဘက်စုံသုံး အလှူတော်မင်္ဂလာခန်းမဖြစ်၍ ရန်ကုန်မြို့မှ အသင်းဝင်များ ကုသိုလ်ပွားနိုင်ရန် အလှူနေ့၌ နေ့ချင်းပြန်လိုက်ပါ ကထိန်သင်္ကန်းလှူဒါန်းနိုင်ရေးအတွက်ဥက္ကဋ္ဌ ဦးအောင်တင် ဖုန်း-၂၅၁၃၂၃၊ အတွင်းရေးမှူး ဦးမြင့်စိုး ဖုန်း-၅၆၅၁၄၀၊ အကျိုးဆောင် ဦးသိန်းလွင် ဖုန်း-၆၆၁၃၄၉ တို့ထံ အချိန်မီ ဆက်သွယ် စာရင်းပေးကြရန် နှိုးဆော်ထားကြောင်းသိရသည်။　(က-ပ)

သားသမီးအပေါ် မေတ္တာထား
ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား

"အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၇"

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက် (စနေနေ့) (ပထမအကြိမ်)
၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက် (တနင်္ဂနွေနေ့) (ဒုတိယအကြိမ်)

အသက် ၅ နှစ်အောက် ကလေးငယ်များအားလုံး
ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစို့

ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ထီးတော်တင်ပွဲ စောင်းတန်းရေစက်ချပွဲ၊ သိက္ခာထပ်ပွဲနှင့် ဆီမီးထွန်းပူဇော်ပွဲ ကျင်းပ

ရန်ကုန်　အောက်တိုဘာ　၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရ သာသနာ့နယ်မြေရှိ ဆယ့်တစ်မီးငြိမ်း စေတီတော် ရင်ပြင်တော်၌ ကိုးတောင်ပြည့်စေတီတော်အား ထီးတော်တင်လှူပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် ကျင်းပရာ ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရက ကြီးမှူး၍ အလှူရှင် ဦးဇာနည်ထွန်း-ဒေါ်သီဂီမြင့်၊ သား ဘုန်းခန့်ဇာနည် မိသားစုက လှူဒါန်းသည့် ကိုးတောင်ပြည့် စေတီတော်အား ထီးတော်ကို တင်လှူကြသည်။

ထို့နောက် စေတီတော် အာရုံခံလိုဏ်ဂူအတွင်း၌ အလှူရှင် ၁၈ ဦးတို့က ပန်းတစ်ပွင့်တောင် သူငယ်တန်းမှ ဒသမတန်းအထိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်၊ ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရထံ စုပေါင်းသိက္ခာထပ်ရန် ပရိက္ခရာအစုံကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပန်းတစ်ပွင့်တောင် သာသနာ့သောဘဏီ သိမ်တော်၌ ပန်းတစ်ပွင့်တောင် ဆရာတော်အား သိက္ခာထပ် ကံဆောင့်မင်္ဂလာ ပြုလုပ်ကာ အလှူရှင်များက သိမ်ဆင်းလောင်းလှူကြပြီး အလှူရှင် ဦးမြင့်ကျော်-ဒေါ်နီနီဝင်း မိသားစုက သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ဧည့်ပရိသတ်တို့အား စတုဒိသာ ကျွေးမွေးလှူဒါန်းသည်။

ယင်းနောက် ဓမ္မသုခဗိမာန်တော်၌ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ပန်းတစ်ပွင့်တောင် ဆရာတော်နှင့် သံဃာတော်များ၊ ဝေယျာဝစ္စအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)နှင့် အဖွဲ့ဝင်များ၊ ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်) အတွင်းရေးမှူး ဦးခင်မောင်ညွန့်နှင့်အဖွဲ့ဝင်များ၊ ရွှေပေါက်ကံ စက်မှုဇုန် ဒုတိယဥက္ကဋ္ဌ ဦးကျော်လွင်နှင့် အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ ပရိသတ်တို့က ပန်းတစ်ပွင့်တောင် ဆရာတော်ထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း-ဒေါ်မြင့်မြင့်ကို မိသားစုက ငွေကျပ် ၁၁ သိန်းနှင့် နတ်လမ်းစောင်းတန်းနှင့် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းအတွက် ဦးအောင်နိုင်ဦး - ဒေါ်ထက်ထက်အေး မိသားစုက ငွေကျပ်သိန်း ၁၂၀၊ မိဘနှစ်ပါးအားအမှူးထား၍ ဦးမောင်မောင်လွင်-ဒေါ်မီမီထွန်း (၄၀ပြည့် မွေးနေ့အထိမ်းအမှတ်)၊ သမီး ဘရဏီမောင်မောင်တို့က ရင်ပြင်တော် ကျောက်ပြားခင်းရန် ငွေကျပ်သိန်း ၅၀ **(အောက်ပုံ)**နှင့် အလှူရှင်များက အလှူငွေများကို ပန်းတစ်ပွင့်တောင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြကာ ရေစက်ချတရားနာယူကြသည်။

ညပိုင်းတွင် ပန်းတစ်ပွင့်တောင်ပေါ်ရှိ စေတီတော်များနှင့် ရုပ်ပွားတော်များအား ပန်းတစ်ပွင့်တောင် လျှပ်စစ်မီးရရှိရေး ကော်မတီဥက္ကဋ္ဌ သီရိသုဓမ္မဇောတဓရ ဦးမြင့်စိုးနှင့် အလှူရှင်များ၊ ကျောင်းသားကျောင်းသူများက ဆီမီးနံ့သာ (၉၉၀၀)စီ ကပ်လှူပူဇော်ကြကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

မီးသတ်ဦးစီးဌာန မိသားစုဘုံကထိန် အလှူမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန်　အောက်တိုဘာ　၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး ဒေါ်တင်တင်နွဲ့တို့အား အမှူးထား၍ မီးသတ်ဦးစီးဌာန၏ ကောဒသမအကြိမ်မိသားစု ဘုံကထိန်အလှူမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၆ နာရီတွင် ရန်ကုန်မြို့ရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)သီတာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မေတ္တာဝါဒီဟသ်ာတ (ပရဟိတ)ကျောင်း စာသင်တိုက်မှ ဆရာတော် ဘဒ္ဒန္တသီလာနန္ဒ (မွော်စရိယ) ထံမှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းနှင့် ဇနီးတို့အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။ ယင်းနောက် ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီးတို့က မေတ္တာဝါဒီဟသ်ာတ (ပရဟိတ) ကျောင်း စာသင်တိုက် ဆရာတော်ထံ ကထိန်လျာဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိများ၊ ၎င်းတို့၏ ဇနီးများက ဆရာတော် သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

မီးသတ်ဦးစီးဌာန (ရုံးချုပ်) နှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်မီးသတ်ဦးစီးဌာနများက လှူဒါန်းမှု အစုစုမှာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဝတ္ထုငွေ စုစုပေါင်းကျပ်၄၂ သိန်းကျော်ဖြစ်ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

အဖျက်အင်အားက မြို့တစ်မြို့၊ အပြု(ပြည်သူ)အင်အားက တောင်နှယ်ပုံလေသည်

မောင်ပွင့်လင်း

ယနေ့ လူငယ်လူရွယ် မျိုးဆက်သစ်တို့ကား တိုင်းဆူပြည်ဖျက် စစအရေးအခင်းကို မမီခဲ့ကြ။ ပြည်တွင်းပြည်ပမှသွေးထိုးပေးနေသော၊ မုသားရာနှုန်းပြည့် ဖုံးလွှမ်းထားသည့် စစအရေးအခင်း၊ ဒီမိုကရေစီအရေးတော်ပုံကြီးဆိုသည်တို့ကိုသာ ကြားနေကြရသည်။

BBC, VOA, RFA, DVB စသည့် နယ်ချဲ့နှင့် နယ်ချဲ့လက်ပါးစေ ပြည်ပြေးအသံလွှင့်ဌာနများမှ လွှင့်ထုတ်သည့် မိုးလုံးပြည့်မုသားသတင်း၊ မမှန်မကန် လုပ်ကြံဖန်တီးထားသော သတင်းများကို အဖျက်သမားများက မရပ်မနားလိုက်လံ ဆင့်ကမ်းဖြန့်ဝေပေးကြသည်။ ဤသည်ကို နားယောင်မိသူများမှာ ယင်း ပြည်တွင်း ပြည်ပ အဖျက်သမားများ၏ ထောင်ချောက်အတွင်း သက်ဆင်းအမိခံကြရသည်။ ၎င်းတို့ စိတ်ကြိုက် အသုံးချခံရသည်။ ၎င်းတို့၏ ရည်ရွယ်ချက်ကား ငြိမ်းချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်မှု အရှိန်ရနေသော နိုင်ငံတော်ကို ဖြိုချဖျက်ဆီးရန်၊ တိုင်းရင်းသား ပြည်သူချင်းသွေးခွဲရန်တိုက်ပေးပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှု ဖြိုခွဲရန်၊ ပြည်ထောင်စုကြီးပြိုကွဲ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုလဲသွားစေခြင်းဖြင့် မြန်မာတို့၏ လွတ်လပ်ရေး (ဝါ) အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးသွားစေရန် ဖြစ်ပေသည်။ မြန်မာ့လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးသည်နှင့် ယင်းအချုပ်အခြာအာဏာ၊ ဤ ပြည်ထောင်စု မြန်မာနိုင်ငံကို ပြည်ပနယ်ချဲ့များက ဝါးမျိုသွေးစုပ်ခြယ် လှယ်ပေတော့မည်။ နယ်ချဲ့ ပုဆိန်ရိုး ပြည်တွင်းမှ ပဉ္စမံတပ်သား ပုဆိန်ရိုးများ၊ ပြည်ပရောက် ပြည်ပြေး၊ ဝရမ်းပြေး၊ အမျိုးသားသစ္စာဖောက်များကား နယ်ချဲ့တို့ထံမှ အရိုးအရင်းဝေစု (ရုပ်သေးအစိုးရအာဏာ) ရစရာရှိပေသည်။

မြန်မာတို့သည် ဗြိတိသျှနယ်ချဲ့အောက်၌ ၁၂၃ နှစ်၊ ဖက်ဆစ်များအောက်၌ သုံးနှစ်၊ ပြည်တွင်းပြည်ပ ပယောဂစုံဝင်ပူးပြီး အာဏာငန်းဖမ်းနေကြသော ဂိုဏ်းဂဏစွဲသမားများ ဖန်တီးသည့် ပြည်တွင်းရောင်စုံသောင်းကျန်းမှုအောက်၌ နှစ်ပေါင်းလေးဆယ်ကျော် ခါးစည်းပြီး ခံခဲ့ကြရပြီးပြီ။ ကိုလိုနီလက်သစ်ဂိုဏ်း၏ လွတ်လပ်ရေးသက်တမ်းနှင့်အမျှ (နှစ်ပေါင်း ၆၀ ခန့်) အဖျက်အမှောင့် လုပ်ရပ်မျိုးစုံကိုလည်း နဖူးတွေ့ဒူးတွေ့ ကြုံခဲ့ရပြီးပေပြီ။ ထို့ကြောင့် နောက်ထပ်ကျွန်စော်နံသူများ၏ တိုင်းဆူပြည်ဖျက် ကျွန်ဇာတ် ပြန်သွင်းသော အဖျက်လုပ်ရပ်များကို ပြည်သူတို့ လုံးဝ၊ လုံးဝ၊ လုံးဝ လက်မခံကြောင်း ပြည်ထောင်စုတစ်ဝန်းကျင်းပခဲ့ကြသည့် လူထုအစည်းအဝေးပွဲများ၊ ပြည်သူ့ဆန္ဒဖော်ထုတ်ပြသသည့် မြို့စုံနယ်စုံမှ ပြည်သူ့ချီတက်ပွဲများက အခိုင်အမာပြသခဲ့ပြီး ဖြစ်ပေသည်။

နယ်ချဲ့တို့ အုပ်စိုး၊ ဖိနှိပ်သွေးစုပ်ခြယ်လှယ်သည့် ကိုလိုနီထမ်းပိုးအောက်တွင် မြန်မာနိုင်ငံ၏ ကျွန်းသစ်၊ ရေနံ၊ ပတ္တမြား၊ ကျောက်သံ၊ စပါးကောက်နှံ အဆီအနှစ်မှန်သမျှ နယ်ချဲ့တို့ လက်ဝါးကြီးအုပ် ထုတ်ယူချမ်းသာသွားခဲ့ကြသည့်ဖြစ်စဉ်များ၊ မြန်မာတိုင်းရင်းသား ပြည်သူတို့မှာ စားတော့ တစ်လုတ်၊ ဝတ်တော့အစုတ်၊ နေတော့တဲပုတ်ဘဝဖြင့် ခံခဲ့ကြရသည့် ဖြစ်ရပ်များ၊ ဖိနှိပ်ညှဉ်းပန်းမှု မခံနိုင်လွန်းတော့သဖြင့် အုံကြွတော်လှန်ခဲ့ရသော ရေနံမြေအလုပ်သမား အရေးတော်ပုံ၊ တောင်သူလယ်သမား အရေးတော်ပုံစသည့် ပြည်သူ့တော်လှန်ရေး သမိုင်းစဉ်များကို မြန်မာတို့ မမေ့နိုင်ကြ၊ မေ့လည်း မမေ့သင့်ကြ။

ယနေ့ ကိုလိုနီလက်သစ်ဝါဒီတို့သည် ကိုလိုနီပုံစံသစ်အရ ၎င်းတို့ ချုပ်ကိုင်လိုသော နိုင်ငံများတွင် ရုပ်သေးအစိုးရတင်ပေးပြီး နောက်ကွယ်မှသာ လျှို့ဝှက်ကြိုးကိုင် ခြယ်လှယ်ရမည်ဖြစ်သော်လည်း လက်တွေ့၌ နိုင်ငံတစ်ခုကို အကြောင်းပြချင်ရာပြပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်သိမ်းပိုက်သည်။ ရုပ်သေးအစိုးရများ တင်ပေးပြီးသော်လည်း ယင်းနိုင်ငံများအတွင်းမှ ပြန်မထွက်သေးဘဲ ကျားပိန်တွယ် တွယ်နေကြသည်။ ကိုလိုနီ ပုံစံဟောင်းကို ကုလသမဂ္ဂမှ တရားဝင်ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။ သို့သော် ယခု အာဖဂန်နစ္စတန်ကို ကျူးကျော်သိမ်းထားမှုမှာ ခုနစ်နှစ်အတွင်း၊ အီရတ်ကို ကျူးကျော်သိမ်းပိုက်ထားမှုမှာ ငါးနှစ်အတွင်းရောက်နေပြီး လုံးဝပြန်မထွက်။

ကုလသမဂ္ဂနှင့် နိုင်ငံတကာက ကျူးကျော်သိမ်းပိုက် (အမေရိကန်နှင့်အပေါင်းပါ) တပ်များ ပြန်ထွက်စေချင်ကြပြီး ၎င်းကျူးကျော် သိမ်းပိုက်သော အင်အားကြီးနယ်ချဲ့နိုင်ငံများမှ ပြည်သူများ၊ ဥပဒေပြုလွှတ်တော်များကလည်း တပ်များပြန်ရုပ်သိမ်းရန် တိုက်တွန်းသည်။ ကိုလိုနီ ပုံစံစပ်ကြား (ပုံစံသစ်နှင့် ပုံစံဟောင်းရောယှက်) ကျင့်သုံးနေသူများက ခေါင်းယမ်းခေါင်းခါပြနေဆဲ ဖြစ်သည်။

ယင်းနိုင်ငံများကို ကျူးကျော်ခြင်းမပြုမီကပင် နိုင်ငံတကာ၊ ကုလသမဂ္ဂနှင့် ကျူးကျော်တိုက်ခိုက် သိမ်းပိုက်မည့် နိုင်ငံပြည်သူများက ကြိုတင်ကန့်ကွက်ခဲ့ကြသည်။ ကန့်ကွက်မှု (လူများစုဆန္ဒ)ကို ဒီမိုကရေစီနည်းလမ်းမကျစွာ ပမာမခန့်လုပ်ပြီး ဝင်တိုက်ခဲ့ကြသည်။ စတင်ကျူးကျော် တိုက်ခိုက်စဉ်က ပြသောအကြောင်းပြချက်များသည် အစကတည်းက မမှန်ကန်သဖြင့် ယနေ့တိုင်လည်း မှန်ကြောင်းသက်သေမပြနိုင်။ ဥပမာ အီရတ်မှ ဆက်ဒမ်ဟူစိန် အစိုးရလက်ထက်တွင် ကမ္ဘာနှင့် အမေရိကန်ကို တိုက်ခိုက်ဒုက္ခပေးနိုင်သည့် နျူကလီးယားလက်နက်၊ ဓာတုအဆိပ်လက်နက်၊ ဇီဝရောဂါပိုးမွှားလက်နက်များရှိနေသည်ကို ကုလသမဂ္ဂက တွေ့အောင်မရှာနိုင်၍ အမေရိကန်နှင့် ဗြိတိန်က ဝင်ရှာပြမည်ဆိုကာ ဝင်တိုက်ခဲ့သည်။ ယင်းလက်နက်များ လုံးဝရှာမပြနိုင်ခဲ့။

ထိုအခါ အီရတ်ပြည်သူများ "ဆက်ဒမ်ဟူစိန်" ဆိုသည့် မင်းဆိုးမင်းညစ်လက်အောက်မှ လွတ်မြောက်ရန်ဟု အမေရိကန်သမ္မတက ကြွေးကြော်ခဲ့သည်။ ဆက်ဒမ်ဟူစိန်အစိုးရ ပြုတ်ကျခဲ့ပြီး ဆက်ဒမ်ဟူစိန်ကို ဖမ်းမိ၍ ကြိုးစင်တင်သတ်ပြီးပြီ။ အီရတ်ပြည်သူများ မင်းဆိုးမင်းညစ်ဆိုသူလက်အောက်မှ မလွတ်မြောက်သေးဘူးလား။ ပကတိအခြေအနေကို ကမ္ဘာ့နိုင်ငံရေးသုံးသပ်သူတို့ အဆိုအရ အီရတ်ပြည်သူများသည် အမေရိကန် ကျူးကျော်သိမ်းပိုက်သူများလက်အောက်မှ မလွတ်မြောက်ဘဲ ဖြစ်နေကြရသည်ဟုဆိုသည်။ အမေရိကန် မကျူးကျော်မီ မင်းဆိုးမင်းညစ်ဟု အမေရိကန်က ကင်ပွန်းတပ်ထားသော ဆက်ဒမ်ဟူစိန်လက်ထက်တွင် အီရတ်ပြည်သူများ သိန်းချီ၍ မသေခဲ့ကြရ၊ အီရတ်ပြည်သူ အိမ်ရာများ ဖုံးကြဲဖြိုဖျက်မခံခဲ့ကြရ၊ အီရတ်ရေနံများကို ကျူးကျော်သူတို့ လက်ဝါးကြီးအုပ် သွေးစုပ်ခြယ်လှယ်ခြင်း မခံခဲ့ကြရ၊ ပြည်တွင်း၌ မလုံခြုံ၍ ပြည်ပသို့ အီရတ်ပြည်သူ ငါးသန်းကျော် ထွက်ပြေးမသွားခဲ့ကြရဟုလည်း ဆိုကြသည်။ ယခုမူ အီရတ်တို့ သိန်းချီသေရ၊ အိုးအိမ်များ အမှုန့်ဖြစ်ရ၊ အီရတ်ပိုင်ရေနံများ လက်ဝါးကြီးအုပ် သွေးစုပ်ခံရဖြစ်နေသည်။ ပြည်ပသို့ထွက်ပြေးသူ ငါးသန်းကျော်ရှိနေပေပြီ။

ယခုအခါ အီရတ်မှ သောင်းကျန်းသူများ၊ အယ်လ်ကေဒါတပ်များဟု အမေရိကန်က စွပ်စွဲသည့် လက်နက်ကိုင်ခုခံတိုက်ခိုက်ရေးသမားများ ရှိနိုင်ကြောင်း မသင်္ကာဟု အကြောင်းပြကာ အမေရိကန်က အီရတ်အရပ်ဘက်ကျေးရွာ၊ ရပ်ကွက်၊ နေအိမ်များကို ဗုံးကြဲခြင်း၊ ဒုံးခွင်းခြင်း၊ အမြောက်ထုခြင်းဖြင့် ထိုးစစ်ဆင်တိုက်ခိုက်နေသဖြင့် အပြစ်မဲ့ အီရတ်ကလေး၊ လူကြီး၊ မိခင်များ နေ့စဉ်ဒါဇင်နှင့်ချီပြီး သေနေကြရသည်။ "မသင်္ကာ"ဟူသော စကားတစ်လုံးသည် အမေရိကန်တပ်များက အီရတ်အရပ်ဘက်ပြည်သူများကို သတ်ဖြတ်ခွင့် လိုင်စင်ဖြစ်နေပေသည်။

ကိုလိုနီလက်သစ် နယ်ချဲ့နိုင်ငံတို့၏ မတော်လောဘစီမံကိန်းများတွင် ပြည်တွင်းအမျိုးသားသစ္စာဖောက် လောက်ကောင်များ၊ ပုဆိန်ရိုးများ၊ လက်ပါးစေလက်ဝေခံများကို ခွဲထုတ်အသုံးပြုမြဲဖြစ်ပေသည်။ မြန်မာတွင် စကားပုံရှိသည်။ "ကိုယ်မချည့်က-အမိသော်လဲ သားတော်ခဲ" ဟူ၍ ဖြစ်သည်။ ကပ်ဘေးကြီးများ ဆိုက်ကပ်၍၊ မိခင်ကိုယ်တိုင်ပင် ငတ်ပြတ်ဆင်းရဲ၊ သေလုဆဲအခြေအနေ၌ မိမိ၏ရင်သွေးကို မကယ်နိုင်၊ မကြည့်နိုင်၊ ဂရုမစိုက်နိုင်သည့် သဘောဖြစ်သည်။ ယနေ့ မြန်မာနိုင်ငံတွင် မည်သည့်ကပ်ဆိုးမှ မဆိုက်၊ ငြိမ်းချမ်းရေးရနေသည်။ ဖွံ့ဖြိုး တိုးတက်နေသည်။ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မြှင့်တင်မှု အရှိန်ရနေသည်။ "ကိုယ်မချည့်စရာ မရှိ"။

နောက်စကားပုံတစ်ခုမှာ "ကမ္ဘာမီးလောင် သားကောင်ချနင်း"ဟူ၍ ဖြစ်သည်။ ကမ္ဘာကြီးတစ်ခုလုံး မီးဟုန်းဟုန်းတောက်နေစဉ် မိမိခြေထောက် မီးပူမနင်းရအောင် မိမိစားမည့် သားကောင်ကို ချနင်းရသည်ဟုဆိုလို၏။ အချို့က သားကောင်အစား သားတောင်ချနင်းဟုဆိုသည်။မိဘက မိမိ မီးပူမလောင်အောင် သားသမီးကိုတောင် ချပြီးနင်းလျှောက်မည်ဟုဆိုကြသည်။ ယနေ့ကမ္ဘာမီးလည်း မလောင်၊ သားကောင်လည်း ချနင်းစရာမလို။ မိမိသားသမီးကိုတောင် ချနင်းရန်ဟူသည်ကား မြန်မာတို့၏ ဓလေ့စရိုက်မဟုတ်။ ယနေ့ကဲ့သို့ ငြိမ်းချမ်းဖွံ့ဖြိုးကာ လွတ်လပ်နေသော မြန်မာတို့အဖို့ အထက်ပါ စကားပုံများတွင်ပါသည့်အတိုင်း ကိုယ့်သွေးကိုယ့်သားကို ချနင်းဖို့ ဆိုသည်မှာ စိတ်ကူး၍ပင်မရသော ဒုစရိုက်ဖြစ်ပေသည်။ သို့တိုင် မိဝေးဖဝေး၊ ဇာတိနှင့် ဝေးနေရသော ပြည်ပရောက်ပြည်ပြေးများ၊ ပြည်တွင်းမှ ပုဆိန်ရိုး လက်ဝေခံများသည် ကမ္ဘာမှာ မီးမလောင်ဘဲ နိုင်ငံမှာ ဆူပူမှုမီးလောင်အောင် လုပ်ရက်ကြသည်။

လုပ်ရက်သူတို့က ပြည်ပ၌ ခိုလှုံ၊ ကပ်ရပ်စားသောက်နေရ၍ မျက်နှာလိုအားရ လုပ်ပေးဦးတော့။ ပြည်တွင်း၌နေ၊ ပြည်တွင်းကရေကိုသောက်၊ ပြည်တွင်းက ဆန်ထမင်းစားပြီး လူလားမြောက်လာရသူတို့က ကျွန်သပေါက်ဆန်သော သစ္စာဖောက်လုပ်ရပ်များဖြင့် ကိုယ့်နိုင်ငံ၊ ကိုယ့်လူထုကို ဒုက္ခပေးနေကြသည်မှာ အံ့ဩလက်ဖျားခါလောက်အောင် အောက်တန်းကျလွန်းနေကြသည်။

ပြည်ပက ဆူခိုင်း၊ ပြည်တွင်းက လက်ဝေခံတို့က မဆူဆူအောင် လုပ်၊ မြန်မာ့ပကတိအခြေအနေမှန်၊ ကမ္ဘာ့သတင်းမှန်မသိ၊ မလေ့လာဘဲ ဆူပူအောင် ဖန်တီးသူတို့၏ ထောင်ချောက်တွင်း သက်ဆင်းကာ ဝေလေလေဖြင့် လမ်းပေါ်ထွက်ဆူကြသူများသည် စစအရေးအခင်းဖြစ်ရပ်မှန်ကို လေ့လာပြီး သင်ခန်းစာယူဖို့ အလွန်ကောင်းပေသည်။

ဤဆောင်းပါးရှေ့ပိုင်း၌ ဖော်ပြခဲ့သည့်အတိုင်း အင်အားကြီးနယ်ချဲ့ နိုင်ငံတို့၏ ကိုလိုနီပိုက်ကွန်တွင်း ညွတ်ကွင်းမိသော နိုင်ငံများ ဒုက္ခရောက် ကြရသည်။ သေကျေပျက်စီးသွေးချောင်းစီးကြရသည်။ ကိုယ့်နိုင်ငံ ကုန်းကောက်စရာမရှိအောင် မွဲပြာကျသွားလေ၊ နယ်ချဲ့ဘပွကြီး ကြိုက်လေဖြစ်မည်ကို သိကြဖို့ကောင်းသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ■

ယနေ့ ကိုလိုနီလက်သစ်ဝါဒီတို့သည် ကိုလိုနီပုံစံသစ်အရ ၎င်းတို့ ချုပ်ကိုင်လိုသော နိုင်ငံများတွင် ရုပ်သေးအစိုးရတင်ပေးပြီး နောက်ကွယ်မှသာ လျှို့ဝှက်ကြိုးကိုင် ခြယ်လှယ်ရမည်ဖြစ်သော်လည်း လက်တွေ့၌ နိုင်ငံတစ်ခုကို အကြောင်းပြချင်ရာပြပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်သိမ်းပိုက်သည်။ ရုပ်သေးအစိုးရများ တင်ပေးပြီးသော်လည်း ယင်းနိုင်ငံများအတွင်းမှ ပြန်မထွက်သေးဘဲ ကျားပိန်တွယ် တွယ်နေကြ။ ကိုလိုနီပုံစံဟောင်းကို ကုလသမဂ္ဂမှ တရားဝင်ဖျက်သိမ်းခဲ့ပြီးဖြစ်။ သို့သော် ယခု အာဖဂန်နစ္စတန်ကို ကျူးကျော်သိမ်းထားမှုမှာ ခုနစ်နှစ်အတွင်း၊ အီရတ်ကို ကျူးကျော်သိမ်းပိုက်ထားမှုမှာ ငါးနှစ်အတွင်းရောက်နေပြီး လုံးဝ ပြန်မထွက်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံ့တာဝန်ကို တပ်မတော်ကသာ လွှဲမယူခဲ့လျှင် မူလကပင် သရုပ်ပျက်နေပြီဖြစ်သော တိုင်းဆူပြည်ဖျက်မင်းမဲ့စရိုက်အတိပြီးသော ၈၈အရေးအခင်း ဆူပူဆန္ဒပြသမားများနှင့် မြို့ခံနယ်ခံပြည်သူတို့ ထိပ်တိုက်တွေ့မည်မှာ ဧကန်မုချဖြစ်။

မကြာမီက ဖြစ်ပွားခဲ့သော ဆူပူဆန္ဒပြမှုသည်လည်း ဗကပ၊ ပြည်တွင်းပြည်ပဆန့်ကျင်ဘက်အဖျက်သမားများနှင့် ငပွကြီးတို့က မြန်မာပြည်သူများထဲမှ ပြည်ပြေးများ ပုဆိန်ရိုးများကို အသုံးချဖန်တီးသော တစ်ကျော့ပြန် ၈၈ အရေးအခင်း၊ တိုင်းဆူပြည်ဖျက် အရေးအခင်းမျိုးပင်ဖြစ်။ BBC, VOA, RFA အလံရှူးများပြောသမျှ နားယောင်ပြီး ဝေလေလေ တစ်စု လမ်းပေါ်ထွက်ခဲ့ကြသည်။ အရေအတွက်မှာ မပြောပလောက်ပါ။ မြို့နယ်တိုင်းမှ ပြည်သူများက ဆူပူမှုလက်မခံ၊ မလိုလားကြောင်း ဆန္ဒထုတ်ဖော်ပြလျက်ရှိရာ အဖျက်အင်အားက မြူတစ်မှုန်၊ ပြည်သူ အင်အားက တောင်နှယ်ပုံနေပေသည်။

■ စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်

၈၈အရေးအခင်းသည် သာမန်ရပ်ကွက်မှ အရပ်သား လေး ငါး ယောက်နှင့် ကျောင်းသားနှစ်ယောက်တို့၏ လက်ဖက်ရည်ဆိုင်ရန်ပွဲကို ပုံကြီးချဲ့ကာ ဆူပူမှုဖန်တီးရာမှ ပေါ်ပေါက်ခဲ့ရသည်။ ပြည်သူ၏ ထောက်ခံမှု ဘယ်တော့မှမရသည့်အတွက် ကြွေပြုန်းနေရသော ဗကပ၊ ပထဝီဝင်နိုင်ငံရေးနှင့် မဟာဗျူဟာအရ မြန်မာ့ပြည်တွင်းရေးဝင်ရောက်စွက်ဖက် ခြယ်လှယ်လိုသောနယ်ချဲ့အုပ်စုတို့က ဆူပူမှုကို ရေမလောင်းဘဲ ဓာတ်ဆီလောင်းခဲ့ကြ၍ တိုင်းဆူပြည်ဖျက်အဆင့်ထိ ရောက်ခဲ့ရသည်။

အမှန်အတိုင်းဆိုရလျှင် ၈၈အရေးအခင်းသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြင့်ပေါ်ပေါက်လာသော တကယ့်တော်လှန်ရေးကြီးသာဆိုလျှင် လွယ်လွယ်နှင့် မတားဆီးနိုင်၊ မရပ်တန့်နိုင်ပေ။ ယခုမူ အာဏာ တောကြောင်၊ ဖောက်ထွင်းလုယက်သည့် တောကြောင်၊ မှောင်ခိုစီးပွားရေးတောကြောင်တို့၏ လုပ်ပွဲ၊ လူအများက ဝေလေလေဖြင့်ပါသည့်ပွဲဖြစ်၍ ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ရက်နေ့မှ စပြီး တိတ်သွားခဲ့ခြင်းဖြစ်သည်။

ပြည်သူအများစုပါသော တော်လှန်ရေးမဟုတ်သည့်အပြင်၊ ပြည်သူအများစုက လုံးဝလက်မခံနိုင်သော ဆူပူအကြမ်းဖက်၊ စက်ရုံဖျက်၊ ဂိုဒေါင်ဖောက်ကြသည့် သရုပ်ပျက် အရေးအခင်းသာ ဖြစ်သောကြောင့် ပွဲတိတ်သွား ခဲ့ခြင်းဖြစ်သည်။ ၈၈အရေးအခင်း ဆူပူမှုအရှိန်ရစ မြို့အချို့၌ ဆူပူဆန္ဒပြချိန်၊ မြို့များစွာ၌ အေးချမ်းနေဆဲဖြစ်ခဲ့သည်။

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့တွင် ၈၈ အရေးအခင်း ဆူပူသူ တစ်ထောင်ခန့်က မြို့ထဲ၌ ဆန္ဒပြဆဲ၊ မြို့ပြင်၌ ငါးထောင်ကျော်သော လယ်သမားကြီးများ မြို့ထဲဝင်လာပြီး ဆူပူဆန္ဒပြမှု မလိုလားကြောင်း ကြွေးကြော်ဆန္ဒပြပြီး ပြန်ထွက်သွားခဲ့သည်။ ထိုအချိန်မှစ၍ ဆူပူမှု သပိတ်ကို တန်ပြန်ဆန္ဒပြမှုများ ဆက်မပေါ်ရန်၊ CIA နှင့် ဗကပတို့ လက်တွဲညီညီ ခေါင်းဖြတ်ပွဲများ ဖန်တီးလာသည်။ အဆိပ်ခတ်သူများဟု တစ်ဖက်သတ် စွပ်စွဲကာ လူခြောက်ဆယ်၊ ခုနစ်ဆယ်ခန့်ကို အသား လွတ်ဖမ်းဆီး ခေါင်းဖြတ်သတ်ခဲ့ကြသည်။

ယင်းခေါင်းပြတ်များကို ခုံတန်းရှည်ပေါ်တင်ကာပြခဲ့ကြ၊သပိတ် (ဆူပူမှု) ဆန့်ကျင်မည့်သူများကို ခြိမ်းခြောက်ဟန့်တားခဲ့ကြသည်။ လမ်းဘေးထုတ် တရားမဝင် သတင်းစာများ၏ မျက်နှာဖုံးတွင် ထိုခေါင်းပြတ်ပုံများ ပြူးတူးပြဲတဲဖော်ပြကာ အဖျက်သမားများကို ပြည်သူက ဆုံးမလိုက်ပြန်ပြီဟု ခေါင်းစဉ်တပ်ခဲ့ကြသည်။ အားပေးအားမြှောက်လုပ်ခဲ့ကြသည့် ပြည်ပမီဒီယာများ (အထူးသဖြင့် ကမ္ဘာ့အနောက်ခြမ်း မီဒီယာ) ကပင် “မြန်မာနိုင်ငံတွင် ဘာဗေးရီးယန်း-အရိုင်းအစိုင်းတွေကြီးစိုးနေပြီ” ဟု ခတ်ဆတ်ဆတ်ဝေဖန်ခဲ့ကြသည်။ ဆရာစံ ဦးဆောင်သော တောင်သူလယ်သမားအရေးတော်ပုံကာလ၊ ဖမ်းမိသူများကို အင်္ဂလိပ်နယ်ချဲ့ အစိုးရကခေါင်းဖြတ်ပြီး မြို့အလိုက် ပုလိပ်ဌာနဝင်းတွင်း ခုံရှည်ပေါ်ထို ခေါင်းပြတ်များတင်ကာ၊ တစ်အိမ် တစ်ယောက်လာကြည့်ရန် မောင်းခတ်ကြေညာလျက်၊ ဒို့အင်္ဂလိပ်အစိုးရကို ပုန်ကန်မယ်မကြံနဲ့၊ ခေါင်းပြတ်သွားမယ်ဟု ခြိမ်းခြောက်နည်းအတိုင်း ရှစ်လေးလုံးခေါင်းဖြတ်ပွဲ ဖန်တီးခဲ့ခြင်းဖြစ်သည်။

၈၈ အရေးအခင်းကာလ ဆူပူမှု မြင့်တက်နေချိန် ပခုက္ကူမြို့ ရွှေကူဘုရားရှေ့ရှိ သပိတ်မဏ္ဍပ်တွင် ညဘက် သပိတ်ခေါင်းဆောင်များ အရက်ပုလင်းထောင်၊ မိန်းမများနှင့် ရှုပ်ပွေလာသည့်အတွက် မြို့ခံလူကြီး လူလတ် နှင့် သံဃာစုစုပေါင်းရှစ်ဆယ်ခန့်က သပိတ်မဏ္ဍပ်ကို ဓားများဖြင့် ခုတ်ပိုင်း ဖြိုချခဲ့သည့်ဖြစ်ရပ်ကို ပခုက္ကူမှ လူကြီးပိုင်း မှတ်မိပေဦးမည်။

ပခုက္ကူသပိတ်ကာလ၌ နဖူးတွင် ခွပ်ဒေါင်းရုပ်ပါသော ပဝါစည်းထားသည့် သပိတ်ခေါင်းဆောင်များက တောရွာများမှ ဆန်ဝယ်လာသူတို့အား ရန်ရှာကြသည်။ တောရွာများတွင် ဆန်ကွဲ၊ ပဲ၊ ပြောင်းဆန် သုံးလွန်တင်စား နေကြရရာမှ ဆန်ကွဲပြတ်သွား၍ မြို့တက်ဆန်ဝယ်ကြခြင်းဖြစ်သည်။ ကျေးရွာများမှ တစ်ဦးချင်း၊ နှစ်ဦးချင်း ဆန်လာဝယ်သူများကို သပိတ်က တုတ်တပြက်၊ ဓားတပြက် လုပ်လာ၍ နောက်ပိုင်း တောမှလူလေးငါး ယောက် ဓားလွတ်ကိုယ်စီကိုင်ပြီး ဆန်လာဝယ်ကြရသည်။ သပိတ်က ဆန်ဝယ်လာသူများကို မတားရဲ၍ ဆန်ရောင်းသူများကို လှည့်ပြီး ခြိမ်းခြောက်သည်။ မြို့ထဲကို လှေ၊ သင်္ဘော၊ ကားတို့ဖြင့် ဆန်ဝင်ချင်သလောက် ဝင်ပေစေ၊ တစ်စေ့မှ မြို့ပြင်ပြန်မထွက်ရဟု အာဏာပြ တားမြစ်သည်။ ထို့ကြောင့် မရောင်းရဲကြ။ ကျေးရွာများမှ ဆန်ကွဲဝယ်လာသူတို့ ဆန်ကွဲတစ်စေ့မှမရကြ။ ဤတွင် ကျေးလက်ပြည်သူများ ဒေါသပေါက်ကွဲပြီး စက်လှေ၊ ကားများစုကာ လူအလုံးအရင်းဖြင့် ပခုက္ကူသပိတ်ကို နှိပ်ကွပ်ရန်တက်လာကြသည်။ ကံအားလျော်စွာ ထိုအချိန် တပ်မတော်က နိုင်ငံ့တာဝန်ယူလိုက်ရပြီဖြစ်၍ တပ်မှတာဝန်ရှိသူများက မြို့ပြင်မှ စောင့်ကာ ထိုတန်ပြန်သပိတ်(ဝါ) သပိတ်ဖြိုခွဲနှိပ်ကွပ်ရေး ပြည်သူအချို့ကို ရှင်းလင်းတင်ပြ မေတ္တာရပ်ခံ ပြန်လွှတ်ခဲ့ရသည်။

မိတ္ထီလာခရိုင် မလှိုင်မြို့မှ သပိတ်စခန်းတွင်လည်း အလားတူ ကျေးလက် ပြည်သူများနှင့် မြို့ပေါ်မှသပိတ်တို့ ထိပ်တိုက်ပဋိပက္ခ ဖြစ်လုနီးနီးတွင် တပ်ကဝင်ထိန်းပေးခဲ့ရသည်။ မလှိုင်သပိတ် ခေါင်းဆောင်က ၎င်း၏ ဖခင်နှင့် အမှုဖြစ်ရာတွင် အမှုနိုင်သွားသည့် မလှိုင်မြောက်ဘက် ကျေးရွာတစ်ရွာမှ ပုဂ္ဂိုလ်နှင့် မိသားစုကို သပိတ်တပ်နှင့် သွားဖမ်းသည်။ လမ်းတစ်လျှောက် ကျွန်တော်သူခိုးပါ၊ ဓားပြပါ ဟူသောစာတန်း လည်ပင်း၌ချိတ်ဆွဲပြီးအော်ခိုင်းသည်။ ရိုက်သည်။မလှိုင်သပိတ်စခန်းတွင် ရက်ရက်စက်စက် ညှဉ်းပန်းသည်။ မြို့ခံတပ်က ထိုသို့ ဥပဒေမဲ့ လက်လွတ်စပယ် မလုပ်ရန် ဝင်တားမှ လွှတ်ပေးသည်။ လွှတ်ပေးခံရသော မိသားစု ရွာပြန်ရောက်သည်နှင့် တစ်ရွာလုံး တစ်နယ်လုံး မခံမရပ်နိုင်ဖြစ်ကာ မလှိုင် သပိတ်စခန်း ဖြိုခွဲရန် ကားတန်းဖြင့် ချီတက်လာကြသည်။ထိုအချိန် တပ်မတော် တာဝန်ယူထားပြီးဖြစ်၍ မြို့ပြင်မှပင် မနည်းတောင်းပန်၍ ပြန်လွှတ်ခဲ့ရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲတွင် သပိတ်တပ်က မြို့လယ်လမ်းအတိုင်း ချီတက်အလာ မြို့ပြင်မှ ရှမ်းတောင်သူ လယ်သမားများကလည်း သပိတ်ကိုမကျေနပ်၍ မြို့ထဲဝင်အလာ မြို့လယ်ရဲစခန်းရှေ့တွင် ထိပ်တိုက်တွေ့ကာ ပဋိပက္ခ ဖြစ်နိုင်၍ မြို့လူကြီးများက နှစ်ဖက်စလုံးကိုတောင်းပန်မေတ္တာရပ်ခံမှသာ နောက်ပြန်ဆုတ်ခဲ့ကြသည်။ လားရှိုးတွင်လည်း အလားတူသပိတ်အဖွဲ့နှင့် အေးချမ်းစွာနေလိုသော ပြည်သူများ ထိပ်တိုက်တွေ့လုနီးနီးဖြစ်ခဲ့သည်။

မန္တလေးမှ ဂျွန်နီဦးကာဝိယခေါ် ရဟန်းက သပိတ်ခေါင်းဆောင်လုပ်ပြီး အထက်မြန်မာနိုင်ငံမှ မြို့များကို သပိတ်မှောက်စေခဲ့သည်။ ဆန္ဒပြရာ၌ မပါဝင်သောအိမ်မှ မှန်ဗီရိုများ၊ ရုပ်မြင်သံကြားစက်များကို အုတ်ခဲ ကျိုးဖြင့်ထုပြီး ဖျက်ဆီးပြခဲ့သည်။ ဦးကာဝိယက မူဆယ်မြို့နေ ပြည်သူများကို သပိတ်မှောက်ရန် ရာဇသံပေးသည်။ သပိတ်မမှောက်လျှင် ကိုယ်တိုင်တက်လာပြီး မြို့ကို မြေလှန်ပစ်မည်ဟု ကြိမ်းဝါးသည်။ သို့ဖြင့် မြို့လူကြီးများက နောက်နေ့တွင် ဆန္ဒပြပွဲစီစဉ်ရသည်။ ဆန္ဒပြပွဲ၌ ဘာကြွေးကြော်၊ ဘာအော်ရမည်မှန်းမသိ၍ ညဘက် BBC နားထောင်ပြီး BBC တွင်ပါသည့်အတိုင်း ဒီမိုကရေစီရရှိရေး၊ တစ်ပါတီဖြုတ်ချရေးတို့ကို အော်ကြသည်။

ယင်းဆန္ဒပြပွဲနေ့သည် မူဆယ်ဈေးနေ့ဖြစ်သည်။ ဆန္ဒပြသူ မြို့သူမြို့သားများနှင့်ရောကာ တောကြောင်များ ပါလာသည်။ တောကြောင်များတွင် နိုင်ငံသားမှတ်ပုံတင် မရနိုင်သူများက လူဝင်မှုကြီးကြပ်ရေးရုံးကို ဝင်စီးပြီး ဖိုင်တွဲများမီးရှို့ဖျက်ဆီးသည်။ တောကြောင်များက မူဆယ်မြို့နယ် သမဝါယမအသင်းဂိုဒေါင်ကိုဖောက်ကာ ဆန်၊ ဆီ၊ ဆား၊ အဝတ်အထည်၊ လူသုံးကုန်များ (၁၉၈၈ခုနှစ် ပေါက်ဈေးကျပ် ၇၅ သိန်းကျော်ဖိုး)ကို ထုတ်ယူပြီး နယ်စပ်ဖြတ်ကျော် ရောင်းစားပစ်ကြသည်။ ဤတွင် မြို့လူကြီးများ ဒေါသထွက်ကာ နောက်နေ့တွင် ဆန္ဒမပြရ၊ သပိတ်မမှောက်ရဟု တင်းကျပ်စွာတားမြစ်ခဲ့သည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံ့တာဝန်ကို တပ်မတော်ကသာ လွှဲမယူခဲ့လျှင် မူလကပင် သရုပ်ပျက်နေပြီဖြစ်သော တိုင်းဆူ ပြည်ဖျက် မင်းမဲ့စရိုက်အတိပြီးသော ၈၈အရေးအခင်း ဆူပူဆန္ဒပြသမားများနှင့် မြို့ခံနယ်ခံ ပြည်သူတို့ ထိပ်တိုက်တွေ့မည်မှာ ဧကန်မုချဖြစ်သည်။

မကြာမီက ဖြစ်ပွားခဲ့သော ဆူပူဆန္ဒပြမှုသည်လည်း ဗကပ၊ ပြည်တွင်း ပြည်ပ ဆန့်ကျင်ဘက်အဖျက်သမားများနှင့် ငပွကြီးတို့က မြန်မာပြည်သူများထဲမှ ပြည်ပြေးများ ပုဆိန်ရိုးများကို အသုံးချဖန်တီးသော တစ်ကျော့ပြန် ၈၈ အရေးအခင်း၊ တိုင်းဆူပြည်ဖျက် အရေး အခင်းမျိုးပင်ဖြစ်သည်။ BBC, VOA, RFA အလံရှူးများ ပြောသမျှ နားယောင်ပြီး ဝေလေလေတစ်စု လမ်းပေါ်ထွက်ခဲ့ကြသည်။ အရေအတွက်မှာ မပြောပလောက်ပါ။ မြို့နယ်တိုင်းမှ ပြည်သူများက ဆူပူမှု လက်မခံ မလိုလားကြောင်း ဆန္ဒထုတ်ဖော်ပြလျက်ရှိရာ အဖျက်အင်အားက မြူတစ်မှုန်၊ ပြည်သူအင်အားက တောင်နှယ်ပုံနေပေသည်။ ။

BBC, VOA, RFA, DVB စသည့် နယ်ချဲ့နှင့် နယ်ချဲ့လက်ပါးစေ ပြည်ပြေးအသံလွှင့်ဌာနများမှ လွှင့်ထုတ်သည့် မိုးလုံးပြည့်မသားသတင်း၊ မမှန်မကန် လုပ်ကြံဖန်တီးထားသော သတင်းများကို အဖျက်သမားများက မရပ်မနား လိုက်လံဆင့်ကမ်း ဖြန့်ဝေပေးကြသည်။ ဤသည်ကို နားယောင်မိသူများမှာ ယင်း ပြည်တွင်း ပြည်ပအဖျက်သမားများ၏ ထောင်ချောက်အတွင်း သက်ဆင်းအမိခံကြရသည်။ ၎င်းတို့ စိတ်ကြိုက် အသုံးချခံရသည်။ ၎င်းတို့၏ ရည်ရွယ်ချက်ကား ငြိမ်းချမ်းတည်ငြိမ် ဖွံ့ဖြိုးတိုးတက်မှု အရှိန်ရနေသော နိုင်ငံတော်ကို ဖြိုချဖျက်ဆီးရန်၊ တိုင်းရင်းသား ပြည်သူချင်းသွေးခွဲ ရန်တိုက်ပေးပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြိုခွဲရန်၊ ပြည်ထောင်စုကြီးပြိုကွဲ၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုလဲသွားစေခြင်းဖြင့် မြန်မာတို့၏ လွတ်လပ်ရေး (ဝါ) အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးသွားစေရန် ဖြစ်ပေသည်။

ပြည်သူအားလုံးက အပြုံးသဘောနှင့်အ...
တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် ရှောင်...

စက်ခလုတ်နှိပ် ဖွင့်လှစ်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် ဒဂုံတံတား ကမ္ဗည်းမော်ကွန်း ကျောက်စာ တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ် ပေးစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

ရှေးဦးစွာ နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွ ဒေသများနှင့် ရန်ကုန်မြို့ကိုဆက်သွယ်ပေးသော ဒုတိယမြောက် မြစ်ကူးတံတား တစ်စင်းဖြစ်သည့် ဒဂုံတံတားကြီးကို ယနေ့ အောင်မြင်စွာ တည်ဆောက်ပြီးစီး ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ရန်ကုန်မြို့နှင့် ပဲခူးမြစ်ခြားနေသည့် ရန်ကုန်အရှေ့ပိုင်းဒေသများကို ဆက်သွယ်ပေးထားသော သန်လျင်တံတားကြီး တည်ရှိနေပြီးဖြစ်သော်လည်း တစ်နေ့တခြား ပိုမိုပြီး ဖွံ့ဖြိုးတိုးတက်နေသည့် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွဒေသများ၏ လိုအပ်ချက်များနှင့်အညီ ပိုမိုပြီး အဆင့်မြင့်သော ဤဒဂုံတံတားကြီးကို ထပ်မံ တည်ဆောက်ပေးခဲ့ခြင်းပင် ဖြစ်ကြောင်း။

ခံနိုင်ဝန်အား ၇၅ တန်ရှိပြီး ယာဉ်သွားလမ်း အကျယ်ဆုံးဖြစ်သော ခြောက်လမ်းသွား ဒဂုံတံတားကြီးသည် သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွမြို့နယ်များမှ ပြည်သူများအတွက် စီးပွားရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သာရေးနာရေးကအစ ဆက်သွယ်ဆက်ဆံသွားလာမှုကို ပိုမိုပြီး အဆင်ပြေ လျင်မြန်ချောမွေ့သွားစေမည်ဖြစ်သည့်အပြင် ရန်ကုန်ဘက်ကမ်း၌ရှိသော တောင်ဒဂုံစက်မှုဇုန်၊ လှိုင်သာယာစက်မှုမြို့၊ သာကေတအပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာဆိပ်ကမ်းတို့နှင့် သန်လျင်ဘက်ခြမ်း၌ရှိသည့် သီလဝါ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတို့အကြား ၁၀ ဘီးတပ်၊ ၁၂ ဘီးတပ် ကုန်တင်ယာဉ်ကြီးများ၊ Container ယာဉ်ကြီးများ ကူးသန်းသွားလာနိုင်တော့မည်ဖြစ်ခြင်းကြောင့် ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကိုပါ ပိုမိုမြင့်မားလာစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင်၊ တည်ငြိမ်အေးချမ်းအောင်၊ ပြည်သူများ စားဝတ်နေရေး အဆင်ပြေချောမွေ့စွာဖြင့် လူနေမှုအဆင့်အတန်း မြင့်မြင့်မားမားနေထိုင်နိုင်စေရအောင်၊ စိတ်အေးချမ်းမြေ့လွယ်ကူစွာ ခရီးသွားလာဆက်သွယ်နိုင်စေရအောင်၊ ကူးသန်းရောင်းဝယ်ရေး၊ စီးပွားရေး၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ စည်ပင်ဖြစ်ထွန်းလာစေရအောင် လိုအပ်ချက်မှန်သမျှကို အမြဲမပြတ်သုံးသပ်ပြီး စီမံဖြည့်ဆည်းပေးလျက်ရှိကြောင်း။

ဒေသတစ်ခုချင်း၏ စီးပွားရေး၊ကုန်ထုတ်လုပ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ရှာကြံဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်စပ်ဆင့်ပွား အကျိုးပြုဖြစ်ထွန်းစေရအောင် မဟာဗျူဟာကျကျ ခင်းကျင်းစီမံ ဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

ထို့ကြောင့်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဘက်ဘက်က တိုးတက်ဖြစ်ထွန်းလာမှုများသည် လက်ညှိုးထိုးမလွဲ ဖြန့်ကြက်ဖြစ်ထွန်းနေပြီ ဖြစ်သည့်အတွက် ပြည်သူတစ်ဦးတစ်ယောက်အနေဖြင့် မည်သည့်အရပ်ဒေသတွင် နေထိုင်သည်ဖြစ်စေ မိမိဒေသ၊ မိမိပတ်ဝန်းကျင်ကို ကြည့်လိုက်လျှင် ဖွံ့ဖြိုးတိုးတက်မှုအဖုံဖုံကို မျက်မြင်ကိုယ်တွေ့ မြင်တွေ့ကြရမည်မှာ အမှန်ပင် ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် မြို့တိုင်းရွာတိုင်းသည် မြို့ပြအင်္ဂါနှင့်အညီ ဖွံ့ဖြိုးတိုးတက်စည်ပင်နေသကဲ့သို့ နယ်စပ်ဒေသများ၌ဆိုလျှင်လည်း နိုင်ငံတကာ အဆင့်မီမြို့ကြီးပြကြီးများ ပေါ်ပေါက်လာပြီး တိုင်းပြည်အတွင်းပိုင်းဖြင့်ရော အိမ်နီးချင်းနိုင်ငံများနှင့်ပါ ဆက်စပ်ဖွံ့ဖြိုးတိုးတက်နေပြီဖြစ်ကြောင်း။

ကျေးလက်ဒေသများကို ကြည့်လျှင်လည်း ပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး ရောင်းပန်းဝယ်ပန်း တိုးတက်ဖြစ်ထွန်းပြီး လူနေမှုအဆင့်အတန်း မြင့်မားလာသည်များ၊ အသိအမြင် ဗဟုသုတကြွယ်ဝလာသည်များ၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အဘက်ဘက်တွင် မိဘဘိုးဘွား ခေတ်ကာလများနှင့်မတူအောင် တိုးတက်မြင့်မားလာသည်များသည် ယနေ့ကာလ၏ မြင်ကွင်းများပင်ဖြစ်ကြောင်း။

ဒေသအသီးသီး၌ အသစ်ပေါ်ထွန်းလာနေသည့် လမ်း/တံတား၊ လေဆိပ်၊ ဘူတာရုံ၊ မြို့ရေပေးဝေရေး၊ လျှပ်စစ်ဓာတ်အား တည်ဆောက်ဖြန့်ဖြူးရေး၊ တယ်လီဖုန်းဆက်သွယ်ရေးအပါအဝင် ခေတ်မီလူနေမှုစနစ်၏ အင်္ဂါရပ်များသည် ပြည်သူများ၏ လူမှုစီးပွားရေးဘဝအဆင့်အတန်း သိသာထူးခြားစွာ တိုးတက်မြင့်မားလာမှုကို ဖော်ညွှန်းပြသနေသည့် အခြေခံကောင်းများပင် ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအသီးသီး၏ လက်တွေ့တိုးတက်ဖြစ်ထွန်းလာမှုအခြေအနေကိုကြည့်မည်ဆိုလျှင် ၁၉၈၈ခုနှစ်မတိုင်မီက အထင်ကရ မြစ်ကူးတံတားကြီးဟူ၍ ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတားနှင့် စစ်တောင်းမြစ်ကူး စစ်တောင်းတံတားတို့သာရှိခဲ့ရာမှ ယခုဆိုလျှင် ဧရာဝတီမြစ်ကူးတံတား ခုနစ်စင်း၊ ချင်းတွင်းမြစ်ကူးတံတား နှစ်စင်း၊ သံလွင်မြစ်ကူးတံတားငါးစင်းနှင့် စစ်တောင်းမြစ်ကူးတံတား တစ်စင်း စုစုပေါင်း မြစ်ကူးတံတားသစ် ၁၅ စင်း တည်ဆောက်ပေးနိုင်ခဲ့သည့်အပြင် ယခင်ခေတ်က တစ်စင်းတည်းသာရှိခဲ့သော စစ်ကိုင်းတံတားနှင့်အပြိုင် ဧရာဝတီမြစ်ကူး ရတနာပုံတံတားကြီးကိုလည်း တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ဖွင့်လှစ်သော ဒဂုံတံတားအပါအဝင် မိမိတို့ခေတ်ကာလတွင် တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ အထက်မြစ်ကူး၊ ချောင်းကူးတံတားပေါင်း ၂၂၈ စင်း ရှိလာခဲ့ပြီဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၌ ပြည်ထောင်စုလမ်းမကြီးများ၊ ပြည်နယ်/တိုင်းများဆက်သွယ်သည့် လမ်းမကြီးများ၊ မြို့ချင်းဆက်၊ ရွာချင်းဆက်၊ ခရိုင်ချင်းဆက်သည့် လမ်းများ၊ နယ်စပ်ဒေသလမ်းနှင့် ဖွံ့ဖြိုးရေးလမ်းများ အင်နှင့်အားနှင့် ဖောက်လုပ်တည်ဆောက်ပေးခဲ့သည့်အတွက် ယခင်အခါက ကတ္တရာလမ်း၊ ကျောက်ခင်းလမ်း၊ အမာခံလမ်းနှင့် မြေလမ်းစုစုပေါင်း မိုင် ၂၀၀၀၀ ကျော်သာရှိခဲ့ရာက ယခုဆိုလျှင် မိုင်ပေါင်း ခြောက်သောင်းကျော် ခုနစ်သောင်းနီးပါး ရှိလာခဲ့ပြီဖြစ်ကြောင်း။

ရထားလမ်းဆက်သွယ်ရေးတွင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းမှအစ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ချင်းပြည်နယ်စပ်တို့အထိ ရောက်အောင် ခရီးလမ်းချဲ့ထွင်ပြီး ရထားလမ်းသစ် ခရီးမိုင် ၁၁၇၀ ကျော် တိုးမြှင့်ဖောက်လုပ်ပေးခဲ့သည့်အတွက် ယခုဆိုလျှင် ရထားလမ်းခရီးမိုင် ၃၁၅၀ နီးပါး ရှိလာခဲ့ပြီဖြစ်ကြောင်း။

မဂ္ဂါဝပ် ၁၈၇၀ ကျော်၊ ဓာတ်အားသုံးစွဲနိုင်...
ရှိလာခဲ့ပြီဖြစ်ကြောင်း။

အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်း...
ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်...
ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်စေရန် မ...
စီမံကိန်းများနှင့် စက်တပ်ဆင်အား မဂ္...
ရေအားလျှပ်စစ်စီမံကိန်း ၁၇ခုတို့ကို အရှိ...
ဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် ကြည့်...
အခြေခံပညာကျောင်းပေါင်း ၄၀၅၅၀...
၁၆၀ရှိလာခဲ့ပြီး ကျန်းမာရေးကဏ္ဍတွင်...
အထူးကုဆေးရုံကြီး ၂၀၊ သင်ကြားရေး...
ဆေးရုံကြီးခြောက်ခုအပါအဝင် စုစုပေါင်း...

ယင်းကိန်းဂဏန်း အချက်အလက်...
နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတို...
ဖြစ်သည့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံဆောက်...
တွင် ထုထည်ပမာဏကြီးမားစွာ၊ အရေအ...
အင်နှင့်အားနှင့် အရှိန်အဟုန်ဖြင့် တည်ဆေ...
ထင်ရှားနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်...
မှန်ကန်သည့်စေတနာကို ထင်ဟပ်ဖော်...

လေကြောင်းဆက်သွယ်ရေး၌ ဆိုလျှင်လည်း လေယာဉ်ကွင်းသစ်များ တည်ဆောက်ပေးမှုများ၊ ရှိပြီးကွင်းများ အဆင့်မြှင့်တင်ပေးမှုများကြောင့် ယခုဆိုလျှင် အပြည်ပြည်ဆိုင်ရာလေဆိပ်နှစ်ခု၊ ဘိုးရင်း ၇၄၇ ဆင်းနိုင်သည့် လေယာဉ်ကွင်း ခုနစ်ကွင်းနှင့် ဘိုးရင်း ၇၃၇ ဆင်းနိုင်သည့် လေယာဉ်ကွင်း ၁၃ ကွင်းအပါအဝင် လေယာဉ်ကွင်းပေါင်း ၇၀ ကျော် ရှိလာခဲ့ပြီဖြစ်ကြောင်း။

အလားတူပင် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ ယခင်ခေတ်ကာလက အပြည်ပြည်ဆိုင်ရာသင်္ဘောကြီးများ ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတား ၁၃ခုသာရှိခဲ့ရာက ယခုဆိုလျှင် ၂၈ ခုအထိ ရှိလာခဲ့သည့်အပြင် ခေတ်မီ ကုန်သေတ္တာစခန်းသုံးခု ရှိလာခဲ့ပြီး ပြည်တွင်းသွား ရေယာဉ်ဆိပ်ခံတံတား ၅၇ ခုမှ ၇၀ ခုအထိ တိုးပွားလာခဲ့ပြီးဖြစ်ကြောင်း။

အလားတူပင် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခဲ့ရာ၌ ၁၉၈၈ ခုနှစ်နောက်ပိုင်းခန့်တွင် ဆည်မြောင်းတာတမံပေါင်း ၂၀၄ ခု တည်ဆောက်ပေးနိုင်ခဲ့ပြီး လယ်မြေဧက ၂ဒသမ ၆၅သန်းကျော်ကို တိုးတက်ပြီး ရေပေးဝေနိုင်လျက်ရှိကြောင်း။

ဆည်တမံများနှင့်အတူ ရေအားလျှပ်စစ်စီမံကိန်းများ ပူးတွဲဆောက်လုပ်ခဲ့သည့်အပြင် သီးခြားရေအားလျှပ်စစ်စီမံကိန်းများ၊ ဓာတ်အားပေးစက်ရုံများ တည်ဆောက်နိုင်ခဲ့သည့်အတွက် ၁၉၈၈ ခုနှစ်ကာလက ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၁၄ ရုံ၊ စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၇၀၀ ကျော်နဲ့ ဓာတ်အားသုံးစွဲမှု ယူနစ်သန်းပေါင်း ၁၅၀၀ ကျော်သာရှိခဲ့ရာမှ ယခုဆိုလျှင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၅၀ ၊ စက်တပ်ဆင်အင်အား

အဆောက်အအုံများသည် အရေအတွက...
အားဖြင့်ပါ များပြားလှသကဲ့သို့ အနှစ်သာ...
ကြောင်း၊ ပြည်သူများ ရရှိခံစားရသည့် အ...
မကုန်နိုင်အောင်ပင်ဖြစ်ကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်...
နည်းပညာကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်...
နိုင်ငံသား ပြည်သူများ အထူးသဖြင့် ...
စီးပွားရေးဘဝအခြေခံများ ထူးခြားစွာ...
ဖြစ်ကြောင်း။

အလားတူပင် လူငယ်များအတွက် ...
နိုင်ခွင့် အခွင့်အလမ်းများသည် နိုင်ငံတော်...
တိုးပွားဖြစ်ထွန်းနေသကဲ့သို့ နိုင်ငံတကာ...
အခွင့်အလမ်းများလည်း ဖန်တီးပေးထားပြီ...
နိုင်မှုနှင့်အတူ ပြည်တွင်းပြည်ပ ကျွမ်းက...
ပညာဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်...
လျက်ရှိကြောင်း။

ထို့အပြင် နိုင်ငံတကာအဆင့်မီ စက...
လုပ်ငန်းကြီးများ တိုးပွားပေါ်ထွန်းလာ...
များအတွက် အလုပ်အကိုင် အခွင့်အ...
ကြောင်း။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ ဒဂုံတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

လုံးက အပြုသဘောနှင့်အဖျက်သဘော၊ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးတို့ကို ခွဲခြားသိမြင်ပြီး အဖျက်အမှောင့်ပယောဂများကို
ချစ်စိတ်ဓာတ်ဖြင့် ရှောင်ရှားကာကွယ်တားဆီးရင်း တိုင်းကျိုးပြည်ဆောင် အပြုသဘောလုပ်ရပ်များတွင် အားကြိုးမာန်တက် ပါဝင်ဆောင်ရွက်

မဂ္ဂါဝပ် ၁၈၇၀ ကျော်၊ ဓာတ်အားသုံးစွဲနိုင်မှု ယူနစ်သန်းပေါင်း ၆၁၀၀ကျော် ရှိလာခဲ့ပြီဖြစ်ကြောင်း။

အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည့် စက်မှုနှင့် မြို့ပြဖွံ့ဖြိုးမှု၊ ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားလာမှုတို့နှင့် လျော်ညီစွာ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်စေရန် မဟာဓာတ်အားလိုင်း အဆင့်မြှင့်တင်မှု စီမံကိန်းများနှင့် စက်တပ်ဆင်အား မဂ္ဂါဝပ် ၁၀၀၀၀ ကျော် ရရှိစေမည့် ရေအားလျှပ်စစ်စီမံကိန်း ၁၇ခုတို့ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်လည်းရှိကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် ကြည့်မည်ဆိုလျှင်လည်း ယခုအခါတွင် အခြေခံပညာကျောင်းပေါင်း ၄၀၅၅၀ကျော်၊ တက္ကသိုလ်ကောလိပ်ပေါင်း ၁၆၀ရှိလာခဲ့ပြီး ကျန်းမာရေးကဏ္ဍတွင် ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီး ၂၆ခု၊ အထူးကုဆေးရုံကြီး ၂၀၊ သင်ကြားရေးဆေးရုံကြီးခြောက်ခု၊ ခုတင် ၃၀၀ဆံ့ ဆေးရုံကြီးခြောက်ခုအပါအဝင် စုစုပေါင်း ဆေးရုံ ၈၃၉ခု ရှိလာခဲ့ပြီဖြစ်ကြောင်း။

ယင်းကိန်းဂဏန်း အချက်အလက်များကို ဆန်းစစ်ကြည့်မည်ဆိုလျှင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကမောင်းနှင်အားဖြစ်သည့် ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံအဆောက်အအုံများကို အချိန်တိုကာလအတွင်းတွင် ထုထည်ပမာဏကြီးမားစွာ၊ အရေအတွက်များပြားစွာ ကျယ်ကျယ်ပြန့်ပြန့် အင်နှင့်အားနှင့် အရှိန်အဟုန်ဖြင့် တည်ဆောက်ပေးခဲ့သည်ဆိုသည်ကို ပေါ်လွင်ထင်ရှားနေပြီဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများအပေါ်ထားရှိသော မွန်မြတ်မှန်ကန်သည့်စေတနာကို ထင်ဟပ်ဖော်ပြနေသော ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံ

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဝန်ကြီးများ ဒဂုံတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြစဉ်။
(သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များ၊ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁)မှ တာဝန်ရှိသူများ၊ ဒဂုံတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
(သတင်းစဉ်)

အဆောက်အအုံများသည် အရေအတွက်အားဖြင့်ရော ထုထည်ပမာဏအားဖြင့်ပါ များပြားလှသကဲ့သို့ အနှစ်သာရအားဖြင့်လည်း တန်ဖိုးကြီးမားလှကြောင်း၊ ပြည်သူများ ရရှိခံစားရသည့် အကျိုးကျေးဇူးအပိုင်းတွင်မူ ရေတွက်၍ မကုန်နိုင်အောင်ပင်ဖြစ်ကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး၊ ကုန်သွယ်ရေး၊ စက်မှုနှင့် နည်းပညာကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးတက်စည်ပင်လာခဲ့ခြင်းကြောင့် နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ အထူးသဖြင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားရေးဘဝအခြေခံများ ထူးခြားစွာ တိုးတက်မြင့်မားလျက် ရှိနေပြီဖြစ်ကြောင်း။

အလားတူပင် လူငယ်များအတွက် နိုင်ငံတကာအဆင့်မီ ပညာသင်ကြားနိုင်ခွင့် အခွင့်အလမ်းများသည် နိုင်ငံတော်ကဏ္ဍတွင်ရော ပုဂ္ဂလိကကဏ္ဍ၌ပါ တိုးပွားဖြစ်ထွန်းနေသကဲ့သို့ နိုင်ငံတကာနှင့် ချိတ်ဆက်ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများလည်း ဖန်တီးပေးထားပြီးဖြစ်ခြင်းကြောင့် ခေတ်မီပညာရှာဖွေနိုင်မှုနှင့်အတူ ပြည်တွင်းပြည်ပ ကျွမ်းကျင်မှုဆိုင်ရာ အတတ်ပညာ၊ နည်းပညာဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ယှဉ်တွဲပေါ်ထွန်းလာလျက်ရှိကြောင်း။

ထို့အပြင် နိုင်ငံတကာအဆင့်မီ စက်ရုံ၊ အလုပ်ရုံများ၊ ဆောက်လုပ်ရေးလုပ်ငန်းကြီးများ တိုးပွားပေါ်ထွန်းလာသည်နှင့်အညီ အခြေခံလူတန်းစားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိခံစားနေကြရပြီဖြစ်ကြောင်း။

လူလတ်တန်းစားများ၊ ပညာတတ်လူတန်းစားများ၊ စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း နိုင်ငံတကာနှင့်ချိတ်ဆက်ပြီး စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်သည့် အခြေအနေကောင်းများ၊ ခေတ်မီဆက်သွယ်ရေး နည်းပညာအခြေပြု ဝန်ဆောင်မှုလုပ်ငန်းများ၊ High tech အခြေပြု ကုန်ထုတ်လုပ်ငန်းများ တိုးပွားဖြစ်ထွန်းနေသည်လည်း တွေ့နိုင်ကြောင်း။

ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်၊ ဂီတ စသည့် အနုပညာရှင်များအပိုင်း၊ ရသဖန်တီးမှုပညာရှင်များအပိုင်း၌လည်း နိုင်ငံတကာသို့ ထိုးဖောက်နိုင်သော စီးပွားရေးလုပ်ငန်းများအဆင့်ကို တက်လှမ်းစပြုနေပြီဖြစ်ကြောင်း။

သို့ရာတွင် ယင်းသို့ တိုးတက်ဖြစ်ထွန်းနေသည့် အခြေခံကောင်း၊ အလားအလာကောင်းများကို ဆုတ်ယုတ်ပျက်ပြားအောင် ရည်ရွယ်ချက်ရှိရှိ ဖျက်လိုဖျက်ဆီး ဆောင်ရွက်နေမှုများလည်း ယနေ့အထိ ရှိနေဆဲဖြစ်သည့်အတွက် ပြည်သူများ အားလုံးက အမျိုးသားရေးသတိဖြင့် ရှောင်ရှားဆန့်ကျင်ဟန့်တားသွားရန်လိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးဆုတ်ယုတ်အောင်၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများရပ်တုံ့၊ ပြည်ပကုန်သွယ်မှုများပျက်ပြား၊ အလုပ်ရုံစက်ရုံများ ပိတ်သိမ်းပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးအောင်၊ အလုပ်လက်မဲ့များ ဖြစ်ပေါ်အောင်၊ တည်ငြိမ်အေးချမ်းမှုယိုယွင်းပြီး စီးပွားရေးလုပ်ငန်းများ ပျက်ပြားအောင်၊ ဈေးကွက်ကမောက်ကမဖြစ်ပြီး ပြည်သူများ စီးပွားပျက်အောင် အဖျက်သဘောသက်သက် လုပ်ဆောင်နေကြသည့် ပြည်တွင်းပြည်ပက အဖျက်အမှောင့်သမားများ၏ ဆိုးညစ်သည့်ရည်ရွယ်ချက်ဖြင့် တိုင်းဖျက်ပြည်ဖျက်လုပ်ရပ်များကို ပြည်သူများအားလုံးက အမှန်အတိုင်း သိမြင်ပြီး ကာကွယ်တားဆီးသွားကြရန် လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်မူ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်၊ မိမိနိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ စားဝတ်နေရေး ချောင်လည်ပြည့်စုံအောင်၊ စိတ်အေးချမ်းမြေ့စွာ မိမိဘဝ တိုးတက်ရာတိုးတက်ကြောင်း ကြံစည်လုပ်ဆောင်နိုင်အောင် လိုအပ်သည့် အခြေခံအဆောက်အအုံများ၊ အခြေအနေကောင်း၊ ပတ်ဝန်းကျင်ကောင်းများကို အစဉ်အမြဲ ကြံဆ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်မှာ အမှန်ပင်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ **နိုင်ငံတော်အစိုးရက ကိုယ့်ခွန်ကိုယ့်အားဖြင့် ဖန်တီးဖော်ဆောင်ပေးနေသည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့် အကျိုးရလဒ်ကောင်းများကို နိုင်ငံတော်အစိုးရ၏ မွန်မြတ်သန့်စင်သော စေတနာကောင်းများနှင့်အညီ ပြည်သူများ စိတ်အေးချမ်းမြေ့စွာ ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်စေရန်အတွက် ပြည်သူများအားလုံးက အပြုသဘောနှင့် အဖျက်သဘော၊ အမှားနှင့်အမှန်၊ အကောင်းနှင့်အဆိုးတို့ကို ခွဲခြားသိမြင်ပြီး အဖျက်အမှောင့်ပယောဂများကို တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ဖြင့် ရှောင်ရှားကာကွယ် တားဆီးရင်း တိုင်းကျိုးပြည်ဆောင် အပြုသဘောလုပ်ရပ်များတွင် အားကြိုးမာန်တက် ပါဝင်ပူးပေါင်း ဆောင်ရွက်သွားကြပါ**ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်အတွင်း ပြည်နယ်၊ ပြည်မ မခွဲခြားဘဲ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်အကြီးအကဲက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့၏ ရန်ကုန်တိုင်းအတွက် အထူးစီမံကိန်းတစ်ခုဖြစ်သော ဒဂုံတံတားစီမံကိန်းကြီးကို ချထားခွင့်ပြု ဆောက်လုပ်ပေးသည့်အတွက် ဒေသခံပြည်သူများကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်တိုင်း၌ လူဦးရေ ၅ ဒသမ ၅ သန်းကျော် နေထိုင်ပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ ကုန်သွယ်မှုလုပ်ငန်းများနှင့် အခြားသောလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း၊ ဒေသခံအများစု၏ အဓိကလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍအနေဖြင့် ၁၉၈၈ ခုနှစ်မတိုင်မီက ရန်ကုန်တိုင်းအတွင်း၌ စိုက်ပျိုးမြေဧက ၁ ဒသမ ၁ သန်း

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

ဒဂုံတံတားကို ဝေဟင်မှ မြင်တွေ့ရစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားပြည်သူတို့၏ အကျိုးကို ထိရောက်စွာ အထောက်အကူပေးနိုင်သည့် တံတားကြီး၊ တံတားငယ်များ တည်ဆောက်ပေးခြင်းဖြင့် ရန်ကုန်တိုင်းနေပြည်သူများ သွားလာရေးလွယ်ကူချောမွေ့ကာ ဒေသထွက်ကုန်များ လွယ်ကူစွာသယ်ယူပို့ဆောင်ပြီး ကုန်ရောင်းဝယ်မှုတိုးတက်ခဲ့

❍ စာမျက်နှာ ၉ မှ

ရှိရာမှ ယခုအခါ စိုက်ပျိုးမြေဧက ၁ ဒသမ ၃ သန်းထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရန် ငမိုးရိပ် ရေလှောင်တမံ၊ တဘူးလှ ရေလှောင်တမံ၊ ပေါင်းလောင်းရေလှောင်တမံ အပါအဝင် ဆည်တမံ ၁၇ ခုကို တည်ဆောက်ပေးခဲ့ကြောင်း။

တည်ဆောက်ပေးခဲ့

လမ်းပန်းဆက်သွယ်ရေးအနေဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် လမ်းများ အဆင့်မြှင့်တင်ခြင်း၊ လမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်းများ၊ ရန်ကုန်မှ ပြည်နယ်တိုင်းအသီးသီးသို့ ဆက်သွယ်သည့် လမ်းတံတားများ ဆက်သွယ်ဖောက်လုပ်ပေးခဲ့သည့်အပြင် မဟာဗန္ဓုလတံတား၊ သန်လျင်တံတား၊ ဘုရင့်နောင်တံတား၊ အောင်ဇေယျတံတား၊ ရွှေပြည်သာတံတား၊ ပန်းလှိုင်တံတား၊ တွံတေးတံတား အပါအဝင် ပေ ၁၈၀ အထက်ရှိသော တံတားကြီး ၃၁ စင်းနှင့် တံတားငယ်ပေါင်းများစွာကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ထိုကဲ့သို့ တိုင်းရင်းသားပြည်သူတို့၏ အကျိုးကျေးဇူးကို ထိရောက်စွာ အထောက်အကူပေးနိုင်သည့် တံတားကြီး၊ တံတားငယ်များ တည်ဆောက်ပေးခြင်းဖြင့် ရန်ကုန်တိုင်းနေ ပြည်သူများ၏ သွားလာရေး လွယ်ကူချောမွေ့စေကာ ဒေသထွက်ကုန်များ လွယ်ကူစွာ သယ်ယူပို့ဆောင်ပြီး ကုန်ရောင်းဝယ်မှု လုပ်ငန်းများကို တိုးတက်စေခဲ့ကြောင်း။

ယခုဖွင့်လှစ်ပေးသည့် ဒဂုံတံတားကြီးသည်လည်း ပဲခူးမြစ်ကို ဖြတ်ပြီး ဒဂုံဆိပ်ကမ်းစက်မှုဇုန်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်ဘက်ကမ်းကို ဆက်သွယ်တည်ဆောက်ထားသော တံတားကြီးဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်အရ ကျေးရွာပေါင်း ၉၇၇ ရွာဖြင့် ဖွဲ့စည်းထားသော ရန်ကုန်တောင်ပိုင်းခရိုင်နှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးပြီး ဒေသဖြစ်သည့် ရန်ကုန် အရှေ့ပိုင်းခရိုင်တို့ကို တံတားကြီးဖြင့် ပေါင်းကူးပေးထားသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အဓိကအကောင်အထည်ဖော်လိုက်ခြင်းပင်ဖြစ်ကြောင်း။

ယခင်က သန်လျင်ဘက်ကမ်း သီလဝါဆိပ်ကမ်းမှ ဝင်လာသည့် ကုန်စည်များ ပြည်တွင်းကို ဖြန့်ဖြူးရာတွင် ကားလမ်းနှင့်ရထားလမ်း ဒွန်တွဲတည်ဆောက်ထားသော ရန်ကုန်-သန်လျင် တံတားကို ကန့်သတ်တန်ချိန်ဖြင့်သာ ယာဉ်တစ်စီးချင်းစီ စိစစ်ခွင့်ပြုသုံးစွဲခဲ့ရကြောင်း၊ အခက်အခဲအနေဖြင့် မော်တော်ယာဉ်ကြီးများ စက်ချို့ယွင်းသောအခါ တံတားပေါ်တွင် ယာဉ်ကြောပိတ်ဆို့ပြီး လမ်းကြောင်းများ ပြတ်တောက်လေ့ရှိသည့် အခက်အခဲပင်ဖြစ်ကြောင်း၊ ယခု ဒဂုံတံတားကြီးအနေဖြင့်မူ ယာဉ်တစ်စီးချင်း ၇၅ တန် ခွင့်ပြုပြီး ခြောက်လမ်းတစ်ပြိုင်တည်း လွတ်လပ်စွာ ဖြတ်သန်းမောင်းနှင် သွားလာနိုင်ပြီဖြစ်ကြောင်း။

ပြည်ပသို့တင်ပို့ရောင်းချနိုင်

ယခု ဒဂုံတံတားကြီး ပဲခူးမြစ်ကိုဖြတ်ပြီး တည်ဆောက်ထားသည့် နေရာဒေသသည် ရန်ကုန်ဘက်ကမ်းတွင်ဆိုလျှင် ဒဂုံဆိပ်ကမ်းစက်မှုဇုန်၊ ဒဂုံတောင်စက်မှုဇုန်၊ ဒဂုံမြောက်စက်မှုဇုန်၊ ဒဂုံအရှေ့စက်မှုဇုန် စုစုပေါင်း လည်ပတ်စက်ရုံ ၁၂၀၆ ရုံနှင့် အလားတူပင် သန်လျင်ဘက်ကမ်းတွင် သီလဝါစက်မှုဇုန် တည်ထောင်ပြီး စက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ပြည်တွင်းစက်မှုဇုန်အသီးသီးမှ စက်မှုထွက်ကုန်များကိုလည်း သီလဝါဆိပ်ကမ်းမှတစ်ဆင့် လွယ်လင့်တကူ ပြည်ပသို့ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်ကြောင်း။

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်တွင်လည်း အရှေ့ပိုင်းတက္ကသိုလ်၊ ရေကြောင်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ရန်ကုန်သမဝါယမဒီဂရီကောလိပ်တို့အပြင် ရန်ကုန်ဘက်ခြမ်း ဒဂုံမြို့သစ်မြို့နယ်များတွင်လည်း ယဉ်ကျေးမှုတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးမှု ဒီဂရီကောလိပ် အစရှိသည့် တက္ကသိုလ်၊ ကောလိပ်များကို နိုင်ငံတော်က တည်ထောင်ဖွင့်လှစ်ပေးထားသည့်အတွက် ပညာရှာနေသော ဒေသခံ ကျောင်းသား၊ ကျောင်းသူ လူငယ်များအတွက် ဤတံတားကြီးက ပညာရေးပန်းတိုင်ကို အရောက်လှမ်းနိုင်ရန် ပိုမိုလွယ်ကူချောမွေ့စွာဖြင့် သွားလာသင်ကြားနိုင်ကြတော့မည်ဖြစ်ကြောင်း။

စီးပွားရေးအနေဖြင့် ကြည့်မည်ဆိုလျှင်လည်း ရန်ကုန်တိုင်းအတွင်းရှိ ခရမ်း၊ သုံးခွ၊ သန်လျင်၊ ကျောက်တန်းနှင့် ပဲခူးတိုင်းအတွင်းရှိ သနပ်ပင်၊ ကဝမြို့နယ်များ ကျေးလက်ဒေသများရှိ ဆန်၊ စပါး၊ သား၊ ငါး၊ ဟင်းသီးဟင်းရွက် စသည့် ထွက်ကုန်များ ရန်ကုန်သို့ အချိန်တိုအတွင်း ရောက်ရှိလာနိုင်သကဲ့သို့ ကျန်းမာရေးအတွက်လည်း ရန်ကုန်မြို့ရှိ အထူးကုဆေးရုံကြီးများသို့ အချိန်တိုအတွင်း သွားလာကုသနိုင်ရန် ဤတံတားကြီးက အကျိုးပြုတော့မည်ဖြစ်ကြောင်း။

ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

နိဂုံးချုပ်အနေဖြင့် **ဒဂုံတံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးခြင်းအားဖြင့် ရန်ကုန်တိုင်းနှင့် ဆက်စပ်လျက်ရှိသော ဒေသများမှ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ လုံခြုံရေးနှင့် စီမံခန့်ခွဲရေးစသော အကျိုးအမြတ် အသီးအပွင့်များ ရရှိခံစားလာကြတော့မည် ဖြစ်သည့်အတွက် ယခု တည်ဆောက်ဖွင့်လှစ်ပေးခဲ့သော ဒဂုံတံတားကြီးကို ရေရှည်အသုံးပြုသွားနိုင်အောင် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် မှာကြားသည်။**

ဒဂုံတံတားဖွင့်ပွဲ အခမ်းအနားကို ဝေဟင်မှမြင်တွေ့ရစဉ်။
(သတင်းစဉ်)

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဒဂုံတံတား ဆောက်လုပ်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အဓိကကျသည့် စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးလာရေးအတွက် ကုန်စည်များ ချောချောမောမော ပို့ဆောင်နိုင်ရန် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေးသည် အခြေခံလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ ယင်းသို့ အခြေခံကျသည့် လမ်း/တံတားများ တိုးတက်ကောင်းမွန်အောင် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့ စည်းလုံးညီညွတ်မှုအင်အား၊ ကိုယ်ပိုင်အရင်းအနှီး၊ ကိုယ်ပိုင်စွမ်းပကားဖြင့် နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်ခဲ့၍ဖြစ်ကြောင်း။

ဤတံတားကြီးများထဲတွင် ခြောက်လမ်းသွား တံတားကြီးပေါင်း ခုနစ်စင်း၊ သံမဏိ သံပေါင်တံတားကြီးပေါင်း ၂၉ စင်း၊ မဟာဗန္ဓုလတံတားနှင့် အောင်ဇေယျတံတား အပါအဝင် သံပေါင်ကြိုးဆိုင်းတံတားကြီး သုံးစင်း၊ သံပေါင်ကြိုးတံတားကြီး ၁၈ စင်းတို့ ပါဝင်ကြောင်း။

ဤသို့ ဖွင့်လှစ်ပြီးဖြစ်သည့် တံတားများအပြင် တည်ဆောက်ပြီးစီးနေသည့် မဲဇလီတံတား၊ စစ်တောင်းတံတား (မုပ္ပလင်)၊ ရတနာပုံတံတား၊ ဥရုတံတား၊ ဘွက်ကြီးတံတားကြီးများအပါအဝင် တံတား ၁၃ စင်းတို့ကိုလည်း ဆက်တိုက် လအလိုက် ဖွင့်လှစ်ပေးသွားရန် ကျန်ရှိနေသေးကြောင်း။

တစ်နိုင်ငံလုံးတွင် တံတားများအများအပြား တည်ဆောက်ပေးပြီးဖြစ်၍ တံတားအစား လမ်းများကို ဦးစားပေးတည်ဆောက်ရန်အတွက် လမ်းနှစ်ဆိုပြီး ၂၀၀၆ ခုနှစ်တွင် သတ်မှတ်ခဲ့၍ မြန်မာပြည်အနှံ့ ဆောင်ရွက်ခဲ့ရာ ၁၉၈၈ ခုနှစ်နောက်ပိုင်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ *

ဒဂုံတံတားကို ညပိုင်း မီးရောင်စုံဖြင့် လှပစွာ တွေ့မြင်ရစဉ်။
(သတင်းစဉ်)

ယခုဖွင့်လှစ်ပေးသည့် ဒဂုံတံတားကြီးသည်လည်း ပဲခူးမြစ်ကိုဖြတ်ပြီး ဒဂုံဆိပ်ကမ်းစက်မှုဇုန်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်ဘက်ကမ်းကို ဆက်သွယ်တည်ဆောက်ထားသော တံတားကြီးဖြစ်သည့်အတွက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်အရ ကျေးရွာပေါင်း ၉၇၇ ရွာဖြင့် ဖွဲ့စည်းထားသော ရန်ကုန်တောင်ပိုင်းခရိုင်နှင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးပြီး ဒေသဖြစ်သည့် ရန်ကုန်အရှေ့ပိုင်းခရိုင်တို့ကို တံတားကြီးဖြင့် ပေါင်းကူးပေးထားသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အဓိက အကောင်အထည်ဖော်လိုက်ခြင်းပင် ဖြစ်။

✻ စာမျက်နှာ ၁၀ မှ
လမ်းမိုင်ပေါင်း ၅၅၅၉/၆ မိုင် တိုးတက်ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး ဆောင်ရွက်ဆဲ လမ်းများရှိနေသေးကြောင်း၊ ရှမ်းပြည်နယ်တွင် (တုန်ဟုန်း–ပင်လောင်းလမ်း)၊ ပဲခူးတိုင်းတွင် (ပြည်–ပေါက်ခေါင်း–တောင်ငူလမ်း)၊ ချင်းပြည်နယ်တွင် (မင်းတပ်– မတူပီလမ်း) (ဟားခါး–ဂန့်ဂေါလမ်း)တို့အပြင် မကြာမီဖွင့်လှစ်နိုင်တော့မည့် (မအူပင်–ကျိုက်လတ်–ဖျာပုံလမ်း)၊ မကွေးတိုင်းတွင် (ဆော–ကန်ပက်လက်လမ်း)တို့ကို ကတ္တရာလမ်းများအဖြစ် ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း။

လုပ်ကိုင်ခွင့်ပေးခဲ့

နိုင်ငံတော်အစိုးရအနေဖြင့် ယခင်က အဓိကကျသည့် လမ်းမကြီးအချို့ကိုသာ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင် ကုမ္ပဏီများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့ နှစ်ဦးနှစ်ဖက် သဘောတူစာချုပ်အရ တည်ဆောက်လုပ်ကိုင်လွှဲပြောင်း (Build Operate & Transfer) B.O.T စနစ်ဖြင့် လုပ်ကိုင်ခွင့်ပေးခဲ့ကြောင်း။

ယခု ၂၀၀၇ ခုနှစ် စက်တင်ဘာလကုန်ခန့်ကစပြီး ဆောက်လုပ်ရေးပိုင်မည်သည့်လမ်းမဆို ကြိုက်နှစ်သက်ရာလမ်းကို ဆောင်ရွက်လိုသည့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းရှင်များသို့ သတ်မှတ်နှုန်းထားများဖြင့် နိုင်ငံတော်နှင့် စာချုပ်ချုပ်ဆို လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း။

ယနေ့ဖွင့်လှစ်ပေးလိုက်သည့် တံတားနှင့်ပတ်သက်၍ တည်ဆောက်ခဲ့ရသည်ကို အနည်းငယ်ရှင်းပြလိုကြောင်း၊ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတားတွင် တံတားတိုင် ၁၃ တိုင်နှင့် အခန်းပေါင်း ၁၃ ခန်းပါရှိကြောင်း၊ သန်လျင်ဘက်ချဉ်းကပ်တံတားတွင် တံတားတိုင် ၁၅ တိုင်နှင့် အခန်းပေါင်း ၁၅ ခန်းပါရှိကြောင်း။

ပင်မတံတားအနေဖြင့် တိုင်ပေါင်း ၁၉ တိုင်နှင့် အခန်းပေါင်း ၁၈ ခန်းပါဝင်ပြီး ထူးခြားသည်မှာ သံကူကွန်ကရစ် တံတားများထဲတွင် တံတားအခန်းဖွင့်အကျယ်ဆုံး ပေ ၁၆၀ ရရှိအောင် ရေလယ်တိုင်ကို သံကူကွန်ကရစ် အစွန်းထွက်ရက်မပာ ခေါ်သည့် (Cantilever)ဖြင့် တည်ဆောက်ပေးခဲ့ကြောင်း၊ အဆိုပါရေလယ်တိုင် ၁၉တိုင်ကို မြေဝင် ၁၀၅ပေရှိသည့် R.C.D ပိုင် ၃၉၈လုံး၊ ပေ ၁၁၀ ရှည် ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မ ၂၄၀ ချောင်းတို့ဖြင့် တည်ဆောက်ပေးခဲ့ရကြောင်း။

ထိုသို့တည်ဆောက်ရာတွင် မည်သည့်နိုင်ငံခြားအကူအညီမှ မပါဘဲ နိုင်ငံသားများအကျိုးအတွက် နိုင်ငံတော်က တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှ ဒေသခံတစ်ဦးဖြစ်သူ ဦးသိန်းကျော်အောင်က ရန်ကုန်တိုင်းအတွက်သာမက တစ်နိုင်ငံ လုံးအတွက်ပါ လွှမ်းခြုံအကျိုးဖြစ်ထွန်းစေမည့် ဒဂုံတံတားကြီး အပါအဝင်နှင့် လမ်း၊ တံတားများကို ကွန်ရက်သဖွယ် ဖောက်လုပ်တည်ဆောက်ပေးသည့်အတွက် နိုင်ငံတော်အစိုးရအား အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားထိပ်ရှိ မှခ်ဦးရှေ့၌ နေရာယူကြပြီး မင်္ဂလာအချိန် ကျရောက်သည်နှင့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ဒဂုံတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁)မှ တာဝန်ရှိသူများ၊ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တံတားကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဋ္ဌေးဦးနှင့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒဂုံတံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယနေ့ဖွင့်လှစ်သည့် ဒဂုံတံတားသည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် သန်လျင်မြို့နယ်တို့ကို ပဲခူးမြစ်အားကျော်၍ ဆက်သွယ်ဖောက်လုပ်ထားခြင်းဖြစ်ပြီး စုစုပေါင်းတံတား အရှည်ပေ ၄၅၄၀၊ တံတားအောက်ရေလမ်း ကင်းလွတ်နယ်မှာ အကျယ်ပေ ၁၃၀ နှင့် အမြင့် ၁၈ ပေရှိကာ ယာဉ်တစ်စီးချင်း၏ ခွင့်ပြုတန်ချိန်မှာ ၇၅ တန်ဖြစ်သည်။

တံတားသည် ယာဉ်သွားလမ်းအကျယ် ၇၂ ပေရှိသော ခြောက်လမ်းသွားဖြစ်ပြီး တစ်ဖက်လျှင် ခြောက်ပေစီအကျယ်ရှိ လူသွားလမ်းပါရှိသည်။ တံတားအပေါ်ထည်ကို သံကူကွန်ကရစ်ရက်မနှင့် ကွန်ကရစ်ကြမ်းခင်း၊ အောက်ထည်ကို သံကူကွန်ကရစ်တိုင်များနှင့် အုတ်မြစ်ကို သံကူကွန်ကရစ်လွန်တူးပိုင်တို့ဖြင့် တည်ဆောက်ထားသည်။

သယ်ယူပို့ဆောင်ပေးနိုင်

အဆိုပါတံတားကို မြန်မာအင်ဂျင်နီယာများ၏ စွမ်းပကားဖြင့် ကြိုးပမ်းတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အနာဂတ်တွင် ပေါ်ထွန်းလာမည့် သီလဝါ အထူးစီးပွားရေးဇုန်ကို အထောက်အကူပြုစေမည့် (Supporting Industry Zone) များဖြစ်ကြသည့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)စက်မှုဇုန်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) စက်မှုဇုန်များ အပါအဝင် ရန်ကုန်မြို့ရှိ စက်မှုဇုန်များမှ ပြည်ပပို့ကုန်နှင့် သွင်းကုန်များကို သီလဝါဆိပ်ကမ်းမှတစ်ဆင့် အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။

အလားတူ ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များနှင့် ပဲခူးတိုင်းအတွင်းရှိ မြို့နယ်များအပါအဝင် ဒေသ၏ ကုန်စည်စီးဆင်းမှုများ ပိုမိုသွက်လက်လျင်မြန်လာမည်ဖြစ်ပြီး ဒေသ၏ ကျန်းမာရေး၊ ပညာရေးတို့သာမက ဒေသခံများ၏ လူမှုစီးပွားရေးဘဝပါ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် မြန်မာလက်ဝှေ့အဖွဲ့များအား တွေ့ဆုံမှာကြား

ရန်ကုန် အောက်တိုဘာ ၂၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်း လေ့ကျင့်နေသည့် မြန်မာ့လက်ဝှေ့အဖွဲ့နှင့် ရိုးရာလက်ဝှေ့(မွေ) အဖွဲ့တို့အား အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းက လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ လေ့ကျင့်ရေးရုံများတွင် တွေ့ဆုံ၍ မှာကြားသည်။

(ယာပုံ)

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် မြန်မာ့လက်ဝှေ့အဖွဲ့၏ လေ့ကျင့်ပြင်ဆင်နေမှုများအား ကြည့်ရှုစစ်ဆေးကြသည်။ ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အရှေ့တောင်အာရှပွဲတွင် အောင်မြင်မှုရရှိရန်အတွက် ဇွဲ၊ စိတ်ဓာတ်အပြည့်ဖြင့် ကြိုးစားကြရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်း မြင့်နှင့် တာဝန်ရှိသူများက မြန်မာ့လက်ဝှေ့အဖွဲ့၏ ပြင်ဆင်လေ့ကျင့်နေမှုများအား ရှင်းလင်းတင်ပြကြသည်။

ထို့နောက်မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက မြန်မာ့လက်ဝှေ့အဖွဲ့ အင်အားပြည့်အစားအစာအတွက် ငွေကျပ် နှစ်သိန်း ပေးအပ်ချီးမြှင့်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် တာဝန်ရှိပုဂ္ဂိုလ်များသည် မြန်မာ့ရိုးရာလက်ဝှေ့(မွေ) အားကစားအဖွဲ့၏ လေ့ကျင့်နေမှုများအား သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။ ရှေးဦးစွာ မြန်မာနိုင်ငံရိုးရာ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ နည်းပြဆရာများက မြန်မာ့လက်ဝှေ့(မွေ) အဖွဲ့၏ လေ့ကျင့်ပြင်ဆင်နေမှုများ အောင်မြင်မှုရရှိရေး၊ ဇွဲ၊ လုံ့လ၊ စည်းကမ်း ပြည့်ဝစွာဖြင့် ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။ ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က အမှာစကားပြောကြားသည်။

မြန်မာ့လက်ဝှေ့နှင့် ရိုးရာလက်ဝှေ့(မွေ) အားကစားအဖွဲ့သည် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေး အထူးလေ့ကျင့်ပြင်ဆင်နေပြီး မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့် ရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိပါက ရွှေတံဆိပ်တစ်ခုရသူ အားကစားသမားအား ကျပ်သိန်း ၅၀နှင့် နည်းပြဆရာအား ကျပ် ၁၀သိန်း ချီးမြှင့်မည်ဟု သိရသည်။ (ကြေးမုံ)

မုဒုံမြို့နယ်၌ အာစရိယပူဇော်ပွဲနှင့် ထောက်ပံ့လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

၂၀၀၇ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အဖြစ် မုဒုံမြို့နယ်၌ ပညာရေးမှူး ရုံးက ကြီးမှူးကျင်းပသော မုဒုံမြို့နယ် အခြေခံပညာ မူလတန်းကျောင်းများမှ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများအား အာစရိယပူဇော်ပွဲနှင့် ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃ ရက်တွင် မုဒုံမြို့နယ် အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်းရှိ ရှင်အရဟံ ခန်းမ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူးနှင့် ကော်မတီဝင်များ၊ မုဒုံမြို့နယ်ရှိ အခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဆရာဆရာမများ၊ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများ၊ကျောင်းသားကျောင်းသူ ဟောင်းများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဦးတင့်ဇော်ထူးက အမှာစကားပြောကြား၍ အပူဇော်ခံ ဆရာကြီး ဆရာမကြီးများအား ကန်တော့ကြပြီး အသက် (၈၀)နှင့်အထက် ဆရာဆရာမကြီး ၁၇ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှစ်ထောင်၊ အသက်(၇၀)နှင့် အထက် ဆရာဆရာမကြီး ၂၀ တို့အား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှင့် အသက် (၆၀)နှင့်အထက် ဆရာဆရာမကြီး ၇၄ ဦးတို့အား တစ်ဦးလျှင် ငွေကျပ်ရှစ်ထောင်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းကြပြီး စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၂ သိန်းကျော်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဇီဝမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈–၁၀–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅	၂။	**တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော် မူအပ်သော ဥပ္ပာတသန္တိ ပါဠိတော်**
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၆။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅	၇။	အတီးပြိုင်ပွဲ
၈:၁၅	၈။	မင်းလှရေလှောင်တမံ
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Say It in English.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀	၄။	**မြန်မာဗီဒီယိုဇာတ်လမ်း "ဖြူသောကြိုးများ" (နိုင်းနိုင်း၊ မေသန်းနု) [ဒါရိုက်တာ – မောင်မောင်ဦး (စနိုးပွိုက်)]**
၁:၃၅	၅။	(၂၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (အလေးမ)
၁:၅၀	၆။	အဆိုပြိုင်ပွဲ
၂:၀၅	၇။	တေးဂီတအစီအစဉ်
၂:၂၀	၈။	အကပြိုင်ပွဲ
၂:၃၀	၉။	ဖြူးချောင်းတံတား
၂:၄၅	၁၀။	International News.
၃:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	English For Everyday Use. (Volume-5, Lesson-4)
၄:၄၅	၄။	တေးဂီတအစီအစဉ်
၅:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ အင်္ဂလိပ်စာ၊ အနုပညာ) (ရူပဗေဒ)
၅:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅:၃၀	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀	၈။	ညနေခင်းသတင်း
၆:၃၀	၉။	မိုးလေဝသအခြေအနေ
၆:၃၅	၁၀။	သီရိဂေဟာ
၇:၀၅	၁၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နေခြည်ဆမ်းမှ" (အပိုင်း–၃)**
၈:၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်စရာ ပျိုကညာ" (အပိုင်း–၁၆)**
	၁၇။	နောက်တစ်နေ့အစီအစဉ်
	၁၈။	အစီအစဉ်ပြီး၏။

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၇

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLDပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူသောကြောင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မွန်ပြည်နယ်၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့မှ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၁၁ ရက်၊ ၁၂ ရက်၊ ၁၄ ရက်၊ ၂၂ ရက်၊ ၂၃ ရက်၊ ၂၄ ရက်နှင့် ၂၅ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ခွင့်တောင်းပြီး ၎င်းတို့အား ဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၊ မြေပုံမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ် ရှုတ်ချပွဲများသို့ ပြည်သူအင်အား ၁၂၀၀၀ ကျော်စီ တက်ရောက်ကြပြီး အောက်တိုဘာ ၁၁ရက်၊ ၁၂ရက်နှင့် ၁၄ရက်တို့တွင် သက်ဆိုင်ရာမြို့များအတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထောက်ခံကြိုဆိုသည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရှိရသည်။

နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး မိုင်းဖြတ်မြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

ဆန္ဒဖော်ထုတ်

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၊ မိုင်းတုံမြို့နယ်၊ မိုင်းဖြတ်မြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းခတ်မြို့နယ်နှင့် မိုင်းယောင်းမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ် ရှုတ်ချပွဲများသို့ ပြည်သူအင်အား ၁၅၀၀၀ ခန့်စီ တက်ရောက်ကြပြီး အောက်တိုဘာ ၂၃ရက်နှင့် ၂၄ရက်တို့တွင် သက်ဆိုင်ရာမြို့များအတွင်း လှည့်လည်၍ ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး BBCညာနေသည်၊ VOA လိမ်နေသည်၊ RFA ရန်တိုက်ပေးနေသည်၊ ပြည်တွင်းပြည်ပ အဖျက်ရန် ဒို့တွန်းလှန်နှင့် သူ့ကျွန်မခံပါ စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထို့အတူ မွန်ပြည်နယ် သထုံမြို့နယ်၊ မုဒုံမြို့နယ်၊ ကျိုက်ထိုမြို့နယ်နှင့် သံဖြူဇရပ်မြို့နယ် ပြည်သူ့ဆန္ဒ ဖော်ထုတ် ရှုတ်ချပွဲများသို့ ပြည်သူအင်အား ၂၀၀၀၀ ကျော်စီ တက်ရောက်ကြပြီး အောက်တိုဘာ ၂၂ ရက်နှင့် ၂၃ရက်တို့တွင် သက်ဆိုင်ရာ မြို့များအတွင်း လှည့်လည်၍ ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ဆူပူအကြမ်းဖက်မှုအန္တရာယ် ဒို့ကာကွယ်၊ ဆူပူအကြမ်းဖက်ခြင်းသည် ဒီမိုကရေစီ၏ ဆန့်ကျင်ဘက် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အလားတူ မကွေးတိုင်း ရေနံချောင်းမြို့နယ်၊ မြိုင်မြို့နယ်၊ ဆောမြို့နယ်၊ မင်းလှမြို့နယ်၊ ငဖဲမြို့နယ်၊ မင်းတုန်းမြို့နယ်၊ စလင်းမြို့နယ်၊ မင်းဘူးမြို့နယ်၊ ပွင့်ဖြူမြို့နယ်နှင့် အောင်လံမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများသို့ ပြည်သူအင်အား ၁၀၀၀၀ ခန့်စီ တက်ရောက်ကြပြီး အောက်တိုဘာ ၂၃ ရက်၊ ၂၄ရက်နှင့် ၂၅ရက်တို့တွင် သက်ဆိုင်ရာမြို့နယ်များအတွင်း လှည့်လည်၍ ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထို့အတူ ရန်ကုန်တိုင်း လှည်းကူးမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ် ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများသို့ ပြည်သူအင်အား ၁၀၀၀၀ ခန့်စီတို့သည် အောက်တိုဘာ၂၄ရက်နှင့် ၂၅ရက်တို့တွင် သက်ဆိုင်ရာမြို့နယ်များအတွင်း လှည့်လည်၍ ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုကြောင့် ကုန်ဈေးနှုန်းကြီးရသည်၊ ဆရာဒကာ သွေးစည်းမှု ဒို့ရေးရှု စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်ကာ ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး မုဒုံမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းနေ ဦးခင်စိုး-ဒေါ်ခင်မြအိ(A-1) ရွှေဆိုင်မှ ငွေကျပ် ၂၀၀၀၀၀ လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးဘချိုနှင့် ဦးမောင်လှိုင်တို့ လက်ခံယူစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၇၀) တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားဝေဠုဝန် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ်ကျောင်းဆောင်ကြီးအတွက် ကမာရွတ်မြို့နယ် ပြည်လမ်း၊ TCC ရိပ်သာနေ ဦးတင်အောင်လင်း-ဒေါ်အေးအေးသန့်၊ သမီး တန်ကူးရတနာ၊ ဆောင်းရတနာ မိသားစုတို့က ငွေကျပ် တစ်သိန်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံ ရေစက်ချအနုမောဒနာတရားနာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသန်းလှ (ငြိမ်း)ထံပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၁၈၅) ဓမ္မစေတီလမ်း ရွှေတောင်ကြား (၂)ရပ်ကွက် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်း မဟာရံတံတိုင်းဆောက်လုပ်ရန်အတွက် စမ်းချောင်းမြို့နယ် ခတ္တာလမ်းနေ အဘိုး၊ အဘွားနှင့် မိဘများကို အမှူးထား၍ ဖြိုးအောင်စိုး၏(၁၂)နှစ်ပြည့်မွေးနေ့အလှူအဖြစ် မောင်ဖြိုးအောင်စိုး၊ မဟေမာဦး၊ မောင်ဖြိုးဇော်မင်း၊ မောင်ဖြိုးလွင်ဦး ညီအစ်ကိုမောင်နှမတစ်စုက တံတိုင်းတစ်ခန်းစာအလှူငွေကျပ်သုံးသိန်းကို ကျောင်းတိုက်နာယကအဖွဲ့ဝင် ဆရာတော် မိုးညှင်း အရှင်ဣန္ဒက(ရွှေဘို)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ယာဉ်စက်စတိုဝင်းအတွင်းရှိ မော်တော်ယာဉ်များအား အောက်တိုဘာ ၂၂ ရက်က စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးခန့်ဇော် စစ်ဆေးရာ မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး အမှုဆောင်အရာရှိ ဦးအေးဆွေနှင့် လက်ထောက်အင်ဂျင်နီယာ ဦးဆန်းဝင်းဌေးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဆီမီးပူဇော်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ကဦးစီးကျင်းပသည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ ဆီမီးပူဇော်ပွဲအခမ်းအနားကို ယနေ့ညနေ ၆နာရီတွင် အဆိုပါစေတီတော် ရင်ပြင်တော်၌ ကျင်းပသည်။

ဆီမီးပူဇော်ပွဲ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် (စီမံ) ဒေါက်တာ မြင့်ကြည်၊ သာသနာရေးဝန်ကြီးဌာနမှ အကြံပေးအရာရှိ ဦးထင်မျိုးနှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်မှ နည်းပြရဟန်းတော်များ၊ ပြည်တွင်း ပြည်ပမှ သင်တန်းသား ရဟန်းတော်များ၊ သင်တန်းသူသီလရှင်များနှင့် ယောဂီများ၊ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့ဝင်များနှင့် သာသနာ့ဝေယျာဝစ္စ ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်၍ ဆီမီးထွန်းညှိပူဇော်ကြသည်။

ရှေးဦးစွာ စွယ်တော်မြတ်စေတီတော်ကြီးအား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်မည့် အဖွဲ့ဝင်များသည် စေတီတော်တောင်ဘက် ဝိဇ္ဇာစရဏ မုခ်ရှိ အလှူခံမဏ္ဍပ်ရှေ့၌ နေရာယူကြသည်။

ဆက်လက်၍ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) သာသနာ့ဝေယျာဝစ္စ ဝတ်အသင်းမှ အလံကိုင်အဖွဲ့က သာသနာ့အလံများ ကိုင်ဆောင်၍လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ နည်းပြရဟန်းတော်များ၊ ပြည်တွင်း၊ ပြည်ပမှ သင်တန်းသားရဟန်းတော်များ၊ သင်တန်းသူ သီလရှင်များနှင့် ယောဂီများ၊ သာသနာ့ဝေယျာဝစ္စ ဝတ်အသင်းအဖွဲ့ဝင်များက ဆီမီးတိုင်များ ကိုင်ဆောင်၍လည်းကောင်း ဆီမီးပူဇော်ပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ စေတီတော်မြတ်ကြီးအား ရောင်ခြည်တော် ခြောက်သွယ်ရစ်လုံးဘွဲ့ကဗျာများ ရွတ်ဖတ် ပူဇော်၍ သတ်မှတ်ပေးထားသော မုခ်ဦးများ အရောက် လက်ယာရစ် သုံးပတ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူး သာသနာ့ဝေယျာဝစ္စအဖွဲ့ အတွင်းရေးမှူး ဦးဝင်းကြိုင်က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဆီမီး(၉၀၀၀) မီးထွန်းပွဲတော်ကြီး စတင်ကြောင်း ကြေညာကာ တက်ရောက်လာကြသူများက ဆီမီးတိုင်များ တစ်ပြိုင်တည်း ထွန်းညှိပူဇော်ကြသည်။

အောက်တိုဘာ၂၆ရက် (သီတင်းကျွတ်လပြည့်နေ့) ညနေ ၅နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်ရှိ ထေရဝါဒ ပသာရဏီသိမ်တော်၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ်ဆရာတော်နှင့် သင်ကြားစီမံ ဆရာတော်များ၊ ပြည်တွင်းပြည်ပမှ သင်တန်းသား ရဟန်းတော်များက ပဝါရဏာပွဲ ကျင်းပကြသည်။ (သတင်းစဥ်)

သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်က ဦးစီးကျင်းပသည့် စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၏ ဆီမီးပူဇော်ပွဲတွင် နည်းပြရဟန်းတော်များ၊ ပြည်တွင်းပြည်ပမှ သင်တန်းသား ရဟန်းတော်များ၊ သင်တန်းသူသီလရှင်များနှင့် ယောဂီများ ဆီမီးထွန်းညှိပူဇော်ကြစဥ်။

(သတင်းစဥ်)

မင်္ဂလာဈေးသူ ဈေးသားများ တတိယအကြိမ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၇

သာသနာရေးဝန်ကြီးဌာန သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ကြီးမှူး၍ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် ဝါကပ် ဝါဆိုတော်မူကြသော သင်ကြားစီမံ ဆရာတော်များ၊ စာသင်သား သံဃာတော်များနှင့် ပင့်သံဃာတော်များအား မင်္ဂလာဈေးသူ ဈေးသားများက တတိယအကြိမ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)မဟာဘွဲ့နှင်း သိမ်မွှာရုံကြီး၌ကျင်းပရာ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ ဒုတိယ အဓိပတိ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တ ဩသဓာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြတ်သူ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် ဒုတိယ ညွှန်ကြားရေးမှူး ဦးစိုးမင်းထွန်း၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်၊ မင်္ဂလာဈေးသူဈေးသားများ နှင့် ဧည့်ပရိသတ်တို့ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်များ၏ ဒုတိယ အဓိပတိ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင် အဘိဓဇမဟာ ရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တ ဩသဓာဘိဝံသထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ထံမှ ပရိတ်တရားတော်များကို နာယူကြပြီးကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ပြည်ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍလဇောတိထံမှ ဧည့်ပရိသတ်တို့က အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ယင်းနောက် ညောင်တုန်း ဆရာတော်ကြီးအမှူးပြုသော သင်ကြားစီမံ ဆရာတော်များ၊ စာသင်သား သံဃာတော်များနှင့် ပင့်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မင်္ဂလာဈေးသူ ဈေးသားများ၏ တတိယအကြိမ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမှုအစုစုမှာ ငွေကျပ် ၅၀၀၃၆၀၀ဖြစ်ပြီး သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနက ငွေကျပ်၅၄၆၄၀၀ တန်ဖိုးရှိ ပဒေသာပင် လေးပင်စုစုပေါင်းလှူဒါန်းမှုမှာ ငွေကျပ် ၅၅၅၀၀၀၀ဖြစ်သည်။

(သတင်းစဥ်)

အီရန်အစောင့်တပ်ဖွဲ့ကို အကြမ်းဖက်အုပ်စုအဖြစ်သတ်မှတ်မှု နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ ရှုတ်ချ

တီဟီရန် အောက်တိုဘာ ၂၇

အီရန်လက်ရွေးစင် တော်လှန်ရေး အစောင့်တပ်ဖွဲ့သည် ဖျက်အားပြင်း လက်နက်များ ပြန့်ပွားစေရန် ကြိုးပမ်းနေပြီး အကြမ်းဖက်တိုက်ခိုက်မှုကို ထောက်ခံအားပေးနေကြောင်း အမေရိကန်၏ ကြေညာချက်ကို အီရန်က ကြာပသတေးနေ့တွင် ရှုတ်ချပြောကြားကြောင်း အီရန်ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။

အမေရိကန်၏ အီရန်ဆန့်ကျင်ရေးနှင့် ရန်လိုတိုက်ခိုက်ရေးမူဝါဒများနှင့် အီရန်၏ တရားဝင် အဖွဲ့အစည်းများအား နာမည်ပျက်စာရင်းသွင်းမှုသည် တန်ဖိုးမရှိသည့် ပြောကြားချက်များသာဖြစ်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အလီဟော့ဆီနီက ပြောကြားသည်။

ယင်းမူဝါဒများသည် မည်သည့်အခါမျှအောင်မြင်မှုမရှိနိုင်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ အမေရိကန်အစိုးရအဖွဲ့အတွင်းရှိ တာဝန်ရှိ ပုဂ္ဂိုလ်အချို့က အီရန်အစောင့်တပ်ဖွဲ့ဝင်များကို ပြည်ပအကြမ်းဖက်အုပ်စုအဖြစ်နာမည်ပျက်စာရင်းသွင်းကြောင်း ၎င်းက ပြောကြားသည်။

အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့သည် အထူးလက်ရွေးစင်တပ်ဖွဲ့ဖြစ်ကြောင်း၊ ၎င်းတပ်ဖွဲ့၏ အင်အားအပေါ် အမျိုးမျိုးခန့်မှန်း ပြောကြားနေကြကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရန်ကို အမေရိကန်ကစီးပွားရေးပိတ်ဆို့မှု တရုတ်နိုင်ငံ ဆန့်ကျင်ကြောင်း ထုတ်ပြန်ကြေညာ

ပေကျင်း အောက်တိုဘာ ၂၇

အမေရိကန်က အီရန်နိုင်ငံအပေါ် နောက်ဆုံးကျင့်သုံးသည့် စီးပွားရေးပိတ်ဆို့မှု ကိစ္စကို တရုတ်နိုင်ငံက ဆန့်ကျင်ကြောင်း အောက်တိုဘာ ၂၆ရက်က ထုတ်ပြန်ကြေညာသည်။

အမေရိကန်၏အဆိုပါလုပ်ရပ်သည် တီဟီရန်၏နျူကလီးယားပြဿနာကို ပို၍ပင် ရှုပ်ထွေးသွားစေမည်ဖြစ်သည်ဟု ဆိုသည်။

ဝါရှင်တန်က အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ကြောင်း အောက်တိုဘာ ၂၅ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ထို့အပြင် အီရန်လက်ရွေးစင် အစောင့်တပ်ဖွဲ့ကို လူအများအပြားသေစေသည့် လက်နက်များပြန့်ပွားစေသော အဖွဲ့ဟု အမေရိကန်က စွပ်စွဲပြောကြားခဲ့သည်။ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံသည် ရုရှားနိုင်ငံနည်းတူ အမေရိကန်တို့က အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့သည့် ကိစ္စကို ဆန့်ကျင်ကြောင်းပါ ပေကျင်းက ကြေညာသွားသည်။

အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးကိစ္စများတွင် ပြင်းထန်သောပိတ်ဆို့မှုများ ဆောင်ရွက်သည်ကို တရုတ်နိုင်ငံက အစဥ်သဖြင့် ဆန့်ကျင်ခဲ့ကြောင်း၊ ထို့အပြင် ယင်းသို့လုပ်ဆောင်ခြင်းသည် ပြဿနာကို မဖြေရှင်းနိုင်စေသည့်အပြင် ပို၍ပင် ရှုပ်ထွေးခက်ခဲလာစေသည်ဟု တရုတ်နိုင်ငံခြားရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လျူဂျင်ချိုက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် ဗြိတိန်ယာဥ်တန်း တိုက်ခိုက်ခံရ

ကဘူး အောက်တိုဘာ ၂၇

အာဖဂန်နစ္စတန်တောင်ပိုင်းတွင် အောက်တိုဘာ ၂၂ ရက်က ဗြိတိန်စစ်ယာဥ်တန်းကို ကားဗုံးခွဲတိုက်ခိုက်ရာ အရပ်သားသုံးဦး ဒဏ်ရာရရှိကြောင်း၊ ဗြိတိသျှတပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း ပြည်နယ်တာဝန်ရှိသူနှင့် ဗြိတိန်စစ်ဘက်တို့က ပြောကြားသည်။

စီးနင်းတိုက်ခိုက်

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးဦးဆောင်သော တပ်ဖွဲ့၏ယာဥ်တန်းကို ဟယ်လ်မန်းပြည်နယ် ဂျီရတ်စ်ခရိုင်၌ စီးနင်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယင်းပြည်နယ်သည် တာလီဘန်ပြောက်ကျားများက မူးယစ်ဆေးဝါး ထုတ်လုပ်သည့် အဓိကဒေသဖြစ်သည်ဟုဆိုသည်။

တာလီဘန်စစ်သွေးကြွများက အာဖဂန်တပ်ဖွဲ့နှင့် ပြည်ပတပ်ဖွဲ့များကို တိုက်ခိုက်နေခြင်းနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူပေါင်း ၇၀၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

MRTV-4 ရုပ်မြင်သံကြားအစီအစဥ်

၂၈-၁၀-၂၀၀၇ (တနင်္ဂနွေနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဥ်
၇း၀၅-၁း၀၅	"မောင်ကာလ သောတပန်တည်ပုံ" တရားတော် (အရှင်ဇဝန) (မေတ္တာရှင်ဆရာတော်)
၇း၅၅-၁း၅၅	Soccer Update
၈း၁၀-၂း၁၀	Sunday Talk[မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၉း၀၀-၃း၀၀	တေးဂီတအစီအစဥ်
၉း၀၅-၃း၀၅	အလှမှာအယဥ်ဆင့် အမြင်ဆန်းသည့်အထည်
၉း၂၅-၃း၂၅	ပြည်တွင်းသတင်းအကျဥ်း
၉း၃၅-၃း၃၅	တေးဂီတအစီအစဥ်
၉း၄၀-၃း၄၀	စိတ်၏စွမ်းအား Aikido အားကစား
၉း၅၅-၃း၅၅	နိုင်ငံတကာသတင်းအကျဥ်း
၁၀း၀၀-၄း၀၀	တေးဂီတအစီအစဥ်
၁၀း၀၅-၄း၀၅	သီးနှံစိုက်ပျိုးအထွက်တိုး "ခြံစည်းရိုးကြက်ဆူပင်"
၁၀း၁၅-၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀-၄း၂၀	အရိုးပါးရောဂါကာကွယ်ကုသခြင်းအကြောင်း (ပါမောက္ခဒေါက်တာနေဝင်း၊ ဒေါက်တာလှကြည်)
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဥ်း
၁၁း၀၅-၅း၀၅	တေးဂီတအစီအစဥ်
၁၁း၁၀-၅း၁၀	မြန်မာ့လက်မှုယွန်းအနုပညာ
၁၁း၃၀-၅း၃၀	နိုင်ငံတကာသတင်းအကျဥ်း
၁၁း၃၅-၅း၃၅	တေးဂီတအစီအစဥ်
၁၁း၄၀-၅း၄၀	Euro Goals
၁၂း၁၀-၆း၁၀	ပျိုမေတို့လှစေဖို့(အပိုင်း-၁)
၁၂း၂၅-၆း၂၅	တေးဂီတအစီအစဥ်
၁၂း၃၀-၆း၃၀	နိုင်ငံတကာအနုပညာရေးရာ
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဥ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဥ်များ

ညပိုင်း	ပွဲစဥ်	ပြသမည့်လိုင်း
၇း၅၅	Bolton-Aston Villa	ESPN (Live)
၉း၂၄	Tottenham-Blackburn	Star Sports(Live)
၁၀း၂၅	Liverpool-Arsenal	ESPN (Live)
၁၁း၃၀	Derby-Everton	Star Sports (SDD)

Series A ဘောလုံးပွဲစဥ်

ညပိုင်း	ပွဲစဥ်	ပြသမည့်လိုင်း
၇း၃၅	AC Milan-Roma	5-Cartoons(Live)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ **BBC** ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေဘာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

အကြမ်းဖက်ဆူပူမှုကြောင့် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

☆ **အကြမ်းဖက်ဆူပူမှုကြောင့်–**

အေးချမ်းစွာနေလိုသည့် ပြည်သူများ စိုးရိမ်ပူပန်နေရသည်။
ကျောင်းသား ကျောင်းသူများ၏ပညာရေး နှောင့်နှေးကြရသည်။
ကုန်စည်စီးဆင်းမှုများ နှောင့်နှေးခဲ့ရသည်။
လမ်းဘေးဈေးသည်များ အရောင်းအဝယ်ပျက်ကြရသည်။
ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာရသည်။

☆ **အကြမ်းဖက်ဆူပူမှုကြောင့်–**

အမှန်တကယ်အကျိုးရှိသူများမှာ ကိုလိုနီနယ်ချဲ့ ငပွကြီးများသာ ဖြစ်သည်။
သွေးထိုးလှုံ့ဆော်သူများ တိတ်တိတ်ပုန်း ဒေါ်လာများ ရနေသည်။
ပြည်ပြေးများ၊ ပုဆိန်ရိုးများသာ ကောင်းစားကြသည်။
နယ်ချဲ့အလိုတော်ရိများသာ ဒေါ်လာဆုကြေးများ ရနေကြသည်။